ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၂ ရက်၊ အင်္ဂါနေ့ (22-5-2012) (၇၁၂၈)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေပလ္လင်တော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲအခမ်းအနား ကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ လှူဒါန်းသော ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေပလ္လင်တော် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲအခမ်းအနားကို ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဦးမောင်ကြီး တန်ဆောင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ လှူဒါန်းသော ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ရွှေပလ္လင်တော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဦးမောင်ကြီး တန်ဆောင်း၌ မေ ၂၀ ရက် နံနက် ၅ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ စေတီတော် ဂေါပက အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ရှေးဦးစွာ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်တော်မူကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆရာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို အခမ်းအနားဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသ

မဟာထေရ်မြတ်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များရွတ်ဖတ်သော ပရိတ်တရားတော်များကို နာယူကြပြီး ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ဆွေးနွေးမှာကြား

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင် ရိုးတွင်းခြင်ဆီ အစားထိုးကုသမှု လုပ်ငန်းဆိုင်ရာ လမ်းညွှန်မှု ခံယူခြင်း အခမ်းအနားတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာပြည်သူလူထု၏ လူ့သက်တမ်းမြင့်တက်လာသည်ကို တွေ့မြင်လာရ ဒေသတွင်းနိုင်ငံများနှင့် ယှဉ်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်နေသေး

နေပြည်တော် မေ ၂၁

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ လျင်မြန်သော ကျန်းမာရေးဆိုင်ရာတိုးတက်မှုမျိုးမတွေ့ရသော်လည်း တဖြည်းဖြည်းနှင့် တိုးတက်မှုရှိနေကြောင်းကို သိရှိထားကြစေလိုကြောင်း၊ ယခင်အခါက မြန်မာပြည်သူများ၏သက်တမ်းမှာ အမျိုးသားများသည် အသက်(၅၅)နှစ်၊ အမျိုးသမီးများသည် အသက်(၆၅)နှစ်ရှိခဲ့ရာမှ ယခုအခါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ခြင်းလုပ်ငန်း၊ ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲစေခြင်းလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း၊ အာဟာရ ဖွံ့ဖြိုးရေး

လုပ်ငန်းနှင့် ကျန်းမာရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာခြင်းတို့ကြောင့် အမျိုးသားများသည် အသက်(၆၅)နှစ်၊ အမျိုးသမီးများသည် အသက်(၆၈)နှစ်အထိ မြန်မာပြည်သူလူထု၏ လူ့သက်တမ်း မြင့်တက်လာသည်ကို တွေ့မြင်လာရကြောင်း၊ ဒေသတွင်းနိုင်ငံများနှင့်ယှဉ်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်နေသေးကြောင်း၊ ပြောင်းလဲတိုးတက်လာသည့် ခေတ်နှင့်အညီ နိုင်ငံအတွက်လိုအပ်ချက် လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို ဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရာတွင် ပြောင်းလဲနိုင်သည့် အင်အားအခြေအနေ ရှိရန်လည်း လိုအပ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က မေ ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အမျိုးသားသွေးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုလုပ်ငန်းဆိုင်ရာ လမ်းညွှန်မှုခံယူခြင်း အခမ်းအနားတွင် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းသည် ပြယုဂ်ကောင်းရုံသက်သက် စိတ်ကူးအကောင်အထည်ဖော် ဆောင်ရွက်မှုမျိုးမဟုတ်ဘဲ နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ထား ဆောင်ရွက်သွားကြစေလိုကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းလမ်းစဉ် ရည်ရွယ်ချက် မှန်ကန်၍ အချိန်အခါနေရာဒေသနှင့်ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း၊ အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၁-၅-၂၀၁၂	ကျိုက္ခမီ	မာန်အောင်	သထုံ
	၂ ဒသမ ၄၈ လက်မ	၂ ဒသမ ၂၀ လက်မ	၂ ဒသမ ၁၃

ကြေးမုံ စာတည်းရှုထောင့် ၂၂-၅-၂၀၁၂[အင်္ဂါနေ့]။

ခြိုးခြံချွေတာ တစ်ခွက်စာ

'လက်ဖက်ရည်အဖန် သောက်လျှင်ဖြင့်
ကျက်သရေအမှန် ရောက်ပေလိမ့်၊
ကြံသလောက်ပြီးတဲ့ရေ. . .'

ဟူသည် လက်ဖက်ရည်အဖန်သောက်ခြင်း၏အကျိုးကို ဖွဲ့ဆိုထားသော မန္တလေးခေတ် လေးဆစ်တစ်ပုဒ်မှ ပထမအချိုးဖြစ်သည်။ သောက်သည့် လက်ဖက်ရည်မှာလည်း လက်ဖက်ခြောက်ကောင်းကောင်းခတ်ထားသော လက်ဖက်ရည်ကြမ်းသာဖြစ်သည်။ သောက်သည့်နေရာမှာ အိမ်ဦးခန်းဖြစ်ပြီး တစ်ယောက်တည်းသောက်ခြင်းထက် မိတ်ဆွေ သို့မဟုတ် မိသားစု သုံးလေးဦး ဝိုင်းဖွဲ့သောက်ရာမှ ခေါင်းသုံးလေးခေါင်း ဆုံမိပြီး ဉာဏ်သုံးလေးဉာဏ်ထွက်သဖြင့် 'ကြံသလောက်ပြီးတဲ့ရေ'ဟု ရှေးက ဆိုလိုဟန်တူသည်။

မျက်မှောက်ကာလ လက်ဖက်ရည်ဝိုင်းမှာ ထိုသို့မဟုတ်။ လက်ဖက်ရည်ကြမ်းမဟုတ်ဘဲ နို့ဆီ၊ နို့စိမ်း၊ လက်ဖက်ခြောက်အကျရည်တို့ပါဝင်သော ချိုစိမ့်၊ ကျစိမ့်၊ ပေါ့စိမ့်၊ ပေါ့ကျလက်ဖက်ရည်တို့ဖြစ်သည်။ လက်ဖက်ရည်ဝိုင်းမှာလည်း အိမ်ဦးခန်းမဟုတ်။ လမ်းထိပ်၊ လမ်းဆုံ၊ လမ်းမပေါ်မှ လက်ဖက်ရည်ဆိုင်များသာဖြစ်သည်။ လက်ဖက်ရည်တန်ဖိုးမှာလည်း တန်ဖိုးနည်း လက်ဖက်ခြောက်အနည်းငယ်ကို ကျိုက်ကျိုက်ဆူသော ရေနွေးအိုးတွင် ထည့်ခတ်၍သောက်သော အခမဲ့လက်ဖက်ရည်မဟုတ်။ တစ်ခွက်လျှင် ကျပ် ၃၀၀ ခန့် ပေး၍သောက်ရသော တန်ဖိုးရှိ လက်ဖက်ရည်သာဖြစ်သည်။

ကျွန်ုပ်တို့ လူကြီးလူငယ်များအဖို့ ယနေ့ လက်ဖက်ရည်မသောက်ရလျှင် မနေနိုင်သကဲ့သို့ နံနက်တွင်လည်း လုပ်ငန်းခွင်မဝင်သေးမီ သောက်တတ်ကြ၏။ နေ့လယ်တွင်လည်း အလုပ်အား၍ သောက်တတ်၏။ ညနေတွင်လည်း အလုပ်ပါး၍ သောက်တတ်၏။ သောက်ပြန်သော်လည်း တစ်ဦးတည်းဆိုလျှင် အကြံကောင်း၊ ဉာဏ်ကောင်းများ မရသည့်အပြင် အပျင်းမပြေတတ်သဖြင့် နှစ်ဦးသုံးဦး အဖော်ရှာသောက်တတ်၏။ ပြောစရာရှိလျှင်လည်း သောက်တတ်၏။ စောင့်ဆိုင်းစရာရှိလျှင်လည်း သောက်တတ်၏။

မြန်မာတို့၏ ရိုးရာဓလေ့မှာ လက်ဖက်ရည်ကြမ်းသောက်သည့်ဓလေ့သာဖြစ်ပြီး အဆိုပါ နို့ဆီလက်ဖက်ရည်မှာ ကိုလိုနီခေတ်က အိမ်နီးချင်းနိုင်ငံမှ ရန်ကုန်မြို့သို့ စတင်ရောက်လာသော ကာကာလက်ဖက်ရည်သာဖြစ်၏။ ထိုလက်ဖက်ရည်ကို ကျွန်ုပ်တို့မြန်မာအားလုံး စွဲမက်သွားကြ၏။ ရန်ကုန်မြို့တွင်သာမက မြို့တိုင်းတွင်ရှိ၏။ မည်မျှအထိ စွဲမက်ခေတ်စားသွားသည်ဟုမူ အသင့်ဖျော်ကော်ဖီမစ်၊ တီးမစ်ထုပ်တို့ပင် ရောင်းမလောက်အောင် တွင်ကျယ်လာခဲ့၏။

လက်ဖက်ရည်သောက်သုံးသောဓလေ့မှာ နိုင်ငံတကာတွင်သာမက အိမ်နီးချင်းနိုင်ငံများတွင်လည်းရှိ၏။ သို့သော် ကျွန်ုပ်တို့နိုင်ငံကဲ့သို့ နေရာတိုင်းတွင် လက်ဖက်ရည်ဆိုင်များရှိပြီး အချိန်ပြည့်သောက်သုံးနေကြခြင်း မဟုတ်။ သူ့အချိန်၊ သူ့အခါ၊ သူ့နေရာအလိုက် သောက်တတ်၏။ နေ့စဉ် သောက်သုံးရမည်မဟုတ်။ ကျွန်ုပ်တို့တွင်မူ နေ့စဉ်သောက်သုံးလျက်ရှိကြ၏။ မသောက်လိုက်ရလျှင်ပင် ခေါင်းကိုက်သလိုလိုဖြစ်ရ၏။ ထိုမျှသာမကသေး လက်ဖက်ရည်နှင့် တွဲဖက်၍ စားဖွယ်၊ သောက်ဖွယ်အစုံ ပါလာတတ်သေး၏။ ထို့ထက်မက လက်ဖက်ရည်ဆိုင်အတွက် ကွမ်းယာဆိုင်ပါ တွဲဖက်ပါလာသေး၏။

ပြည်သူတို့အတွက် ရသာအာရုံပြည့်စုံလာသည်မှာ ကောင်းလှပါ၏။ ရောင်းရေးဝယ်တာ၊ လူမှုရေးရာအဖြာဖြာတို့မှအစ လူမှုလောက၏ စိတ်အလိုအတွက် တစ်စုံတစ်ရာဖြည့်ဆည်းပေးသည့် ထိုထိုလက်ဖက်ရည်ဆိုင်တို့သည် ပြည်သူတို့အတွက် ဘုံဆိုင်သဖွယ်ကောင်းမွန်လှပါ၏။

ယနေ့ကာလသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်သို့ တက်လှမ်းလျက်ရှိ၏။ ပြည်သူတစ်ဦးချင်းစီအတွက်လည်း လူမှုဘဝမြင့်မားစေရန် ပါဝင်ပါ၏။ နိုင်ငံဖွံ့ဖြိုးဖို့၊ ပြည်သူ့ဘဝမြင့်မားဖို့ ဆောင်ရွက်ရာတွင် ခြိုးခြံချွေတာရေးမှုသည် ရှေ့တန်းမှဖြစ်လာ၏။ ချမ်းသာသောနိုင်ငံ၊ ချမ်းသာသော လူတန်းစားတစ်ရပ် ဖြစ်လာရန် ခြိုးခြံချွေတာကြရ၏။

လက်ဖက်ရည်တစ်ခွက် ကျပ် ၃၀၀ မျှသည် နည်းပါးသော ငွေကြေးဖြစ်သော်လည်း အပေါင်းအသင်းမပါ တစ်ရက်လျှင် ကျပ် ၃၀၀၊ တစ်လလျှင် ကျပ် ၉၀၀၀ ဖြစ်၏။ အပေါင်းအသင်းပါလျှင် ကျပ်သောင်းချီ၏။ ထိုငွေကို ခြိုးခြံချွေတာလိုက်ပါလျှင် မိမိအတွက်၊ မိမိ မိသားစုအတွက် အထောက်အကူပြု၏။ တစ်ယောက်ကျပ် ၃၀၀ တစ်နေ့တစ်ခွက်စာ ခြိုးခြံချွေတာလိုက်ခြင်းဖြင့် မိမိ မိသားစုအတွက်သာမက တစ်နိုင်လုံးအတွက်ဆိုလျှင် ခြိုးခြံချွေတာမှု ကြီးကြီးမားမား ရရှိမည်ဖြစ်၏။ ။

ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ ထွက်ခွာ

နေပြည်တော် မေ ၂၁

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ထွက်ခွာရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရေဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် မောင်ဦးလွင်၊ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၂ (အင်္ဂါနေ့)

၇း၀၅	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	အင်္ဂလိပ်စာသုတ
၅း၀၀	သာယာသီကြွေးခေတ်ဆန်းတေး
၆း၂၅	Guide for You
၆း၃၀	အောင်မြင်ခြင်းလမ်းမ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကွန်ဖူးဘုရင်ဘရုစ်လီ" (အပိုင်း-၃၇)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
	-ဟာသရုပ်စုံ
	-မွေးမြူသုတ
	-သီချင်းလက်ဆောင်
	-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၂၄)(ဇာတ်သိမ်း)
	-Mini Series

စွမ်းအင်ဆိုင်ရာ ဖိုရမ်ကျင်းပမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံတွင် အသစ်တစ်ဖန်ပြုလုပ်၍ရသော စွမ်းအင်(Renewable Energy)နှင့် စွမ်းအင်ကို ထိရောက်စွာအသုံးချနိုင်မှု (Energy Efficiency) နည်းပညာ ပိုမိုကျယ်ပြန့်စွာ အသုံးချလာစေရန်နှင့် စီးပွားဖြစ်ပိုမိုလုပ်ကိုင်လာစေရန်၊ ပြည်တွင်းပြည်ပမှ နည်းပညာများကို လေ့လာနိုင်စေရန် ရည်ရွယ်ချက်တို့ဖြင့် Renewable Energy, Energy Efficiency Bussiness & Finance Forum (REBF 2012) ဖိုရမ်ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

CLEAN & GREEN TECH ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ ပြခန်းများ၊ ထုတ်ကုန်များ၊ နည်းပညာနှီးနှောဖလှယ်ပွဲများ၊ လုပ်ငန်းများပူးပေါင်းဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ လေ့လာရေးသင်တန်းသားများ ရောက်ရှိ

နေပြည်တော် မေ ၂၁

မလေးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန Malaysia Armed Forces Defence College (MAFDC) Course 32/2012 မှ ကျောင်းအုပ်ကြီး First Admiral Aris Adi Tan bin Abdullah ဦးဆောင်သော နည်းပြဆရာများနှင့် သင်တန်းသားများသည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းထိုက်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူးတို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၁ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၃၇. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၃၄၅၀	၀. ၀၃၁၉၀
တရုတ် (ယွမ်)	၆. ၃၂၅၀၀	၀. ၁၅၈၁၀
အိန္ဒိယ (ရူပီး)	၅၄. ၉၇၇၃	၀. ၀၁၈၁၀
မလေးရှား (ရင်းဂစ်)	၃. ၁၃၆၅၀	၀. ၃၁၈၈၃
စင်္ကာပူ (ဒေါ်လာ)	၁. ၂၇၂၃၀	၀. ၇၈၅၉၈
ဂျပန် (ယန်း)	၇၉. ၂၈၂၂	၀. ၀၁၂၆၁
တောင်ကိုရီးယား(ဝမ်)	၁၁၆၈. ၈၀	၀. ၀၀၀၈၆
ယူရို	၀. ၇၈၄၅၆	၁. ၂၇၄၆၀
ဗြိတိသျှ (ပေါင်)	၀. ၆၃၃၃၄	၁. ၅၇၈၉၂

အင်တာနက်။

သာကေတမြို့နယ်စာရေးဆရာအသင်း ပြန်လည်ရွေးချယ်

ရန်ကုန် မေ ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် စာရေးဆရာအသင်း ပြန်လည်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို မေ ၁၃ ရက် (တနင်္ဂနွေနေ့)က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဖြစ်မြောက်ရေးအဖွဲ့ ဗဟိုအမှုဆောင် ဦးခင်ဆွေ(ရွှေစွန်ညို)တို့က အသီးသီးအမှာစကားပြောကြားခဲ့ကြပြီး သာကေတမြို့နယ် စာရေးဆရာအသင်းကို ဥက္ကဋ္ဌ ဦးကြည်စိန်(မော်ဝန်းကြည်မြတ်)၊ ဒုတိယဥက္ကဋ္ဌ ဦးဘငြိမ်း(ရွှေမြိုင်ဘသန်းတင်)၊ အတွင်းရေးမှူး ဦးအောင်မင်း (မင်းရိုးယဉ်)၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်(အောင်သျှင်သူ- မဟာမြေ)၊ ဘဏ္ဍာရေးမှူး ဦးခင်အောင် (ကေတရီလေး)၊ အမှုဆောင်များအဖြစ် ကိုကြည်သောင်း(ကြည်သာ)၊ ဦးဝင်းကြည် (ဖေသောရီ)တို့ဖြင့် ဆန္ဒပြုရွေးချယ်ခဲ့ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။ (၅၃)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ စစ်ဆေး

အင်းတော် မေ ၂၁

အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ စည်ပင်သာယာဈေးအနီး မန္တလေး-မြစ်ကြီးနား ဗျူဟာလမ်းမကြီးပေါ်၌ မေ ၂၁ ရက် နံနက် ၉ နာရီမှ ၁၁ နာရီထိ ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲတပ်ကြပ်ကြီး ထွန်းထွန်းဦးနှင့်အဖွဲ့သည် အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးအရေးယူမှုများကို ပြုလုပ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါအဖွဲ့သည် မော်တော်ဆိုင်ကယ် စီးဦးထုပ်မပါ၊ အိတ်ဇောဖွင့် သတ်မှတ်ယာဉ်မောင်းလိုင်းစင်မပါ၊ ယာဉ်ကြောပြောင်းပြန်စီးသူ ၁၄ ဦးတို့အား အရေးယူခဲ့ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။ (၆၈၅)

လျှပ်စစ်ဓာတ်တိုင်များ ဆေးသုတ်ခြင်းဆောင်ရွက်

မော်လူး မေ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးစံပြကျေးရွာ မြို့တွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ၁၁ KV ၁၁၀၀၀ ဗို့ နှစ်ထပ်လိုင်းသံတိုင်များ ဆေးသုတ်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ကွန်ကရစ်တိုင်များ ဆေးသုတ်ခြင်း၊ လမ်းမီးဆိုဒီယမ်လန့်များ အသစ်ပြန်လည်တပ်ဆင်ခြင်းကို မေ ၂၁ ရက် နံနက် ၈ နာရီတွင် မြို့နယ်လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းဦးစီး၍ လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်ဓာတ်တိုင်များအား ဆေးသုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)** (၆၈၅)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ချည်မျှင်ရှည်ဂါစိုက်ခင်း၊ ကြံစိုက်ခင်း၊ ပုလဲသွယ်ဘာစမာတီစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ငလိုက်ဆည်ရေသောက် လက်ဝဲမြောင်းမကြီး ဆည်ရေသောက်စနစ် ညောင်ပင်ကြီးစုကျေးရွာ ဧက ၅၀၀ ရှိ ချည်မျှင်ရှည်ဂါစိုက်ခင်း၏ ငွေချည်(၆)ချည်မျှင်ရှည်ဂါ ၁၀ ဧက စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။(အပေါ်ပုံ)

ငွေချည်(၆)ချည်မျှင်ရှည်ဂါ သီးနှံပင် တစ်ပင်တွင် အောင်မြင်ဖြစ်ထွန်းနေသော ဂါသီးအလုံး ၄၀ မှ ၅၀ သီးပွင့်နေပြီး လေးလုံးမှ ငါးလုံးလျှင် တစ်ကျပ်သားဖြင့် အပင်တစ်ပင်မှ ၁၀ ကျပ်သား အနည်းဆုံးထွက်ရှိပြီး တစ်ဧက အပင် ၁၁၀၀၀ ခန့် ဝင်ဆံ့သည့်အတွက် အနည်းဆုံး တစ်ဧက ဂါပိဿာ ၁၀၀၀ ခန့် ထွက်ရှိမည်ဖြစ်ကြောင်း၊ တစ်ဧကဝင်ငွေကျပ် ၁၀ သိန်းခန့်ကို ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တစ်ဧက တန် ၆၀ ထွက်ရှိနိုင်မည့် အထူးအထွက်တိုး ကြံစိုက်ခင်းသို့ ရောက်ရှိရာ ကြံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်က ဤတောင်သူပညာပေး ကြံစိုက်ခင်းမှ ပျမ်းမျှတစ်ဧက ၆၁ တန် ထွက်ရှိခဲ့ပြီး မျိုးကောင်း၊ မျိုးသန့်များကို သကြားစက်ရုံ၊ ကြံလုပ်ငန်းရှင်များထံ ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ယခုကြံရာသီတွင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးပွား စိုက်ခင်းအား တိုးချဲ့ဆောင်ရွက်နိုင်မှုနှင့် တစ်ဧကပျမ်းမျှ တန် ၅၀ အထက် ထွက်ရှိရန် ရေရှည်ရည်မှန်းချက်ထားရှိဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက ယနေ့ ကြံတစ်တန်၏ ကြမ်းခင်းဈေးနှုန်းမှာ ငွေကျပ်သုံးသောင်းဖြစ်၍ အမှန်တကယ် တန် ၅၀ ထွက်ရှိပါက တစ်ဧကဝင်ငွေကျပ် ၁၅ သိန်းရရှိသဖြင့် တွက်ခြေကိုက်သော သီးနှံဖြစ်ကြောင်း၊ ကြံတောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေး၊ မျိုးကောင်း၊ မျိုးသန့်ဖြန့်ဖြူးပေးရေးနှင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်များ တိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကြံတောင်သူများနှင့် သကြားစက်လုပ်ငန်းရှင်များအကြား အပြန်အလှန် အကျိုးပြုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ သကြားစားသုံးမှုနှင့် ထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် စိုက်ကွင်းအနီး ပုလဲသွယ်ဘာစမာတီ စပ်မျိုးစပါးပျိုးခင်းများသို့ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက မိဘမျိုးရင်းအိန္ဒိယနိုင်ငံမှ ဘာစမာတီ စပ်မျိုးစပါးအား ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနခြံ၌ ဧက ၁၀၀ မျိုးစေ့ထုတ်အောင်မြင်နေမှု၊ ဧက ၁၀၀၀၀ အတွက် မျိုးစပါး လက်ဝယ်အသင့်ရှိနေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖြစ်ထွန်းအောင်မြင်နေသော ၁၇ ရက်သား ဘာစမာတီပုလဲသွယ် ပျိုးခင်းများကို ကြည့်ရှုစစ်ဆေးကာ ဒေသရာသီဥတုနှင့် ကိုက်ညီသော နယ်မြေများတွင် ကမ္ဘာ့ဈေးကွက်၌ ဈေးနှုန်းကောင်းရရှိနိုင်သည့် ဘာစမာတီ စပ်မျိုးစပါးအား ကျယ်ပြန့်စွာ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် တစ်ဧက အထွက်နှုန်းအပါအဝင် စားသုံးမှု အရည်အသွေး ပြောင်းလဲမှုရှိ၊ မရှိ၊ ကမ္ဘာ့ဆန်ဈေးကွက်တွင် ဈေးနှုန်းကောင်း ရရှိနိုင်မှု ရှိ၊ မရှိ ဆန်ကုန်သည်များအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ငလိုက်ဆည် ရေသောက်မြောင်း လက်တံ(၁) (DY-1)၏ ဆည်ရေသောက်စနစ် ကျားကူးကျေးရွာအနောက်ရှိ ရွှေသံလွင်ကုမ္ပဏီနှင့် တရုတ်နိုင်ငံ C.E.T.C ကုမ္ပဏီတို့၏ သုတေသန တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းဧက ၁၀၀ သို့ ရောက်ရှိရာ C.E.T.C နှင့် မြန်မာမှ ပညာရှင်များက စပ်မျိုး ၂၁ မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးမှုနှင့် စပ်မျိုးစပါး ရှစ်မျိုးအား မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စိုက်ကွင်းအတွင်း ၇၁ ရက်သား သက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါး အနှံများထွက်ရှိနေမှု၊ ပင်ပွား ၁၂ ပင်နှင့် အပင်အမြင့်သုံးပေတွင် စပါးခင်း အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ ရက် ၁၀၀ သက်တမ်းတိုစပါးအဖြစ် ရက်ပေါင်း ၁၀၀ တွင် ရိတ်သိမ်းနိုင်မည့် အလားအလာများကို တွေ့ရှိကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝတ်မှုန်ကူးရန်အတွက် အချိန်ကိုက် အသင့်ဖြစ်နေသည့် အဖိုလိုင်းနှင့် အမလိုင်းစိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးအားပေးပြီး တရုတ်ပညာရှင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၂ (အင်္ဂါနေ့)

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅း၀၀	ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၁၅	"ဘဝသစ်ရဲ့စာမျက်နှာ"
၅း၃၀	ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၄၅	"ဇီဝမျိုးစုံမျိုးကွဲများ"
၆း၂၀	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၅	ဆိုလိုက်ကြစို့
၇း၀၀	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး" (အပိုင်း-၅)**
၈း၀၀	ပြည်တွင်းသတင်း **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၈) -အိန္ဒိယရုပ်ရှင် "ကိုယ်သာ ကိုယ့်ရဲ့ကိုးကွယ်ရာ" (အပိုင်း-၁)**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အား ယူနန်အဖွဲ့ တွေ့

ရန်ကုန် မေ ၂၁

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အဆင့်မြင့်ပြည်သူ့တရားရုံး ဒုတိယဥက္ကဋ္ဌ Mr. Wang Shuliang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများအား တွေ့ဆုံပြီး တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် တိုင်းဒေသကြီး တရားလွှတ်တော်တွင် အမှုများစစ်ဆေးကြားနာခြင်းကိုလည်း လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗုဒ္ဓဘာသာ လူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းဖွင့်

ဝါးခယ်မ မေ ၂၁

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့(နေပြည်တော်) ပျဉ်းမနားနှင့် ဓမ္မရောင်ခြည်ဓမ္မဒါနနှင့် ရွာလယ်ကျောင်းသစ် အကျိုးဆောင်အဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ) သင်တန်းဖွင့်ပွဲကို မေ ၁၅ ရက် နံနက် ၈ နာရီက ဝါးခယ်မမြို့ ရွာလယ်ကျောင်းသစ် ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ရွာလယ်ကျောင်းသစ်ဦးစီးပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဓမ္မသာမိနှင့် ဆရာတော် သံဃာတော်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ဓမ္မရောင်ခြည်ဓမ္မဒါန လုပ်ငန်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ၂၀၀ ကျော်တို့ တက်ရောက်ကြသည်။**(ဝဲပုံ)**

အဆိုပါ ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းကို သုံးရက်ကြာသင်ကြားပို့ချပေးရာ သင်တန်းတွင်လိုအပ်သော ဘောပင်၊ စာရွက်စာတမ်းများကိုပါ ဓမ္မဒါနအဖြစ် လှူဒါန်းပေးခဲ့သည်။ သင်တန်းကာလအတွင်း နံနက်စာ၊ ညနေစာနှင့် ဖျော်ရည်များကို အလှူရှင်များက ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။ (၁၈၂)

တာမွေ၌ စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေး

ရန်ကုန် မေ ၂၁

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် အလင်းတန်းစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက် ရှင်သန်စေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်နှင့် အဖွဲ့က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြင့်မားရေးတို့ကို ဆွေးနွေးညှိနှိုင်းကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီက အလင်းတန်းစာကြည့်တိုက် ရှင်သန်ရေး၊ စာဖတ်ရှိန်မြင့်မားရေးအတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ဝဲပုံ)** (၉၈)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ယီမင် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၉၆ ဦးသေဆုံးပြီး ၃၀၀ နီးပါး ဒဏ်ရာရ

ဆာနား မေ ၂၁

ယီမင်နိုင်ငံ ဆာနားမြို့တော်အတွင်း စစ်ရေးပြ အစမ်းလေ့ကျင့်နေသည့် တပ်ရင်းတစ်ရင်းအလယ်၌ ယီမင်တပ်ဖွဲ့ဝင်တစ်ဦးက မေ ၂၁ ရက်တွင် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၉၆ ဦး သေဆုံး၍ ၃၀၀ ဝန်းကျင် ဒဏ်ရာရရှိကြောင်း သိရသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည့်နေရာအား ယီမင်တပ်ဖွဲ့ဝင်များ ရှင်းလင်းစဉ်။

ယခုအသေခံတိုက်ခိုက်မှုသည် နိုင်ငံ၏တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့မှ အယ်လ်ခိုင်ဒါစစ်သွေးကြွများကို မောင်းထုတ်ပစ်ရန် ကတိကဝတ်ပြုခဲ့သည့် အက်ဘရာဘတ်ချ်မန် ဘဟာဒီအား ယီမင်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပြီးနောက်ပိုင်း လူအသေအပျောက်အများဆုံးတိုက်ခိုက်မှုဖြစ်သည်။

ဒဏ်ရာရသူများကို ဆာနားမြို့ရှိ ဆေးရုံခုနစ်ရုံတွင် ကုသပေးလျက်ရှိကြောင်း၊ သေဆုံးသူအားလုံးသည် ယီမင်တပ်ဖွဲ့ဝင်များဖြစ်ကြကြောင်း ဆေးဝန်ထမ်းတစ်ဦးက ပြောသည်။

ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားသည့်နယ်မြေ၏ လုံခြုံရေးကို တာဝန်ယူထားရသည့် ယီမင်ရဲတပ်ဖွဲ့မှ အရာရှိကြီးတစ်ဦးက ယင်းတိုက်ခိုက်မှုသည် အယ်လ်ခိုင်ဒါအဖွဲ့၏ လုပ်ဆောင်ချက်ဖြစ်သည့်လက္ခဏာများတွေ့ရကြောင်း ပြောကြားခဲ့သည်။

တောင်ယီမင်နှင့် မြောက်ယီမင် ပြန်လည်ပေါင်းစည်းခဲ့သည့် (၂၂)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်ကျင်းပရန် ယီမင်အစိုးရတပ်ဖွဲ့ဝင်များ စစ်ရေးပြအစမ်းလေ့ကျင့်နေစဉ် အမည်မသိဗုံးခွဲသမားက စစ်ဝတ်စုံအတွင်း ထည့်သွင်းထားသော ဖောက်ခွဲရေးပစ္စည်းများကို ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယီမင်ကာကွယ်ရေးဝန်ကြီး မိုဟာမက်နာဆာအာဗက်သည် ဗုံးပေါက်ကွဲချိန်၌ အခင်း ဖြစ်ရာနေရာတွင်ရှိနေပြီး ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

အင်တာနက်။

အီရန်နိုင်ငံအတွင်း ညကပွဲရုံများ ဖွင့်သင့်ကြောင်း သမ္မတကို ဝန်ကြီးချုပ်က စကားနာထိုး

တီဟီရန် မေ ၂၁

အမျိုးသမီးများ ဝတ်စားဆင်ယင်ပုံနှင့်စပ်လျဉ်းသည့် အစ္စလာမ့်မ် ဥပဒေတစ်ရပ်အား ထောက်ခံခြင်းမရှိခဲ့သော အီရန်သမ္မတ မာမွတ်အာမာဒီနီဂျက်**(အပေါ်ပုံ)**ကို တစ်ယူသန်ဝါဒီ အီရန်ဝန်ကြီးချုပ်က စကားနာထိုးခဲ့ကြောင်း မေ ၂၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

အမျိုးသမီးများ ဝတ်စားဆင်ယင်ပုံဆိုင်ရာ အစ္စလာမ့်မ် ဥပဒေနှင့်ပတ်သက်၍ သမ္မတ အာမာဒီနီဂျက်၏ ရပ်တည်ချက်သည် အီရန်အမျိုးသမီးများအကြား ကာယိန္ဒြေမဲ့ ဝတ်စားဆင်ယင်မှုများ ပေါ်ပေါက်လာစေရန် အားပေးအားမြှောက်ပြုရာရောက်ကြောင်း ဝန်ကြီးချုပ် အလီမိုတာဟာရီက ပြောကြားခဲ့သည်။

ယင်းအတွက်ကြောင့် သမ္မတအာမာဒီနီဂျက်သည် အီရန်နိုင်ငံအတွင်း ညကပွဲရုံများဖွင့်လှစ်နိုင်ရန် လုပ်ဆောင်သင့်ကြောင်း ၎င်းက စကားနာထိုးခဲ့သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

အစ္စလာမ့်မ်ဝတ်စားဆင်ယင်မှုဆိုင်ရာဥပဒေ အာဏာသက်ရောက်ရေးအတွက် ရဲတပ်ဖွဲ့အား အသုံးချခြင်းကို အခွင့်ကြုံသလို ဝေဖန်တတ်သော အီရန်သမ္မတ အာမာဒီနီဂျက်သည် တစ်ယူသန်အီရန်အစိုးရအဖွဲ့အတွင်း လွတ်လပ်သည့်သဘောထားရှိသူအဖြစ် ရှုမြင်ခံထားရသူဖြစ်သည်။ **အင်တာနက်။**

ချန်ပီယံလိဂ်ဗိုလ်လုပွဲ ကြည့်ရန် ဂျီ-၈ အုပ်စုဝင် နိုင်ငံအကြီးအကဲများ ဆွေးနွေးပွဲခေတ္တရပ်ဆိုင်းခဲ့

ချီကာဂို မေ ၂၁

အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ် ကမ့်ဒေးဗစ်အပန်းဖြေစခန်း၌ ဥရောပဘဏ္ဍာရေး ပြဿနာနှင့်ပတ်သက်၍ ဆွေးနွေးနေစဉ် ဂျီ-၈ အုပ်စုဝင်နိုင်ငံများမှ အကြီးအကဲများသည် ချယ်လ်ဆီးနှင့် ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအား ကြည့်ရှုရန် အစည်းအဝေး ခေတ္တရပ်ဆိုင်းခဲ့ကြောင်း မေ ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

မေ ၁၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်၌ အင်္ဂလန်ကလပ် ချယ်လ်ဆီးက ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အား ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးခဲ့သည်။

ချယ်လ်ဆီးအသင်း၏ ချန်ပီယံလိဂ်အောင်ပွဲကြောင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်တစ်ယောက် လက်သီးလက်မောင်းတန်း အောင်ပွဲခံနိုင်ခဲ့သော်လည်း ဂျာမနီအဓိပတိ အင်ဂျလာမာကယ်လ်၏ မျက်နှာမှာ မှုန်ကုပ်ကုပ်ဖြစ်ခဲ့ရကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိန်ဝန်ကြီးချုပ်နှင့် ဂျာမနီအဓိပတိတို့အကြား သံတမန်ရေးအရ ကြားဝင်ပေးနေသူ အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည်လည်း ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို စိတ်ဝင်တစား အားပေးခဲ့ကြောင်းသိရသည်။

အမေရိကန်သမ္မတ အိုဘားမားသည် ဘတ်စကက်ဘောအားကစားနည်းကို မြတ်နိုးသူဖြစ်သော်လည်း ချယ်လ်ဆီးနှင့် ဘိုင်ယန်မြူးနစ်တို့၏ အချိန်ပိုယှဉ်ပြိုင်မှုအား စိတ်ပါလက်ပါ ကြည့်ရှုခဲ့ကြောင်း ၎င်း၏လက်ထောက်တစ်ဦးက ပြောကြားခဲ့သည်။

အင်္ဂလန်နှင့် ဂျာမနီ ကိုယ်စားပြုအသင်းများ၏ ချန်ပီယံလိဂ် ဗိုလ်လုပွဲအား ဂျာမနီအဓိပတိနှင့် အတူကြည့်ခွင့်ရခဲ့ပြီး အင်္ဂလန် ကိုယ်စားပြုအသင်းက အနိုင်ရရှိခဲ့ခြင်းကြောင့် သမိုင်းဝင် အချိန်ကာလတစ်ရပ်ဖြစ်ခဲ့ရကြောင်း ဗြိတိန်ဝန်ကြီးချုပ်က ဆိုသည်။

အင်တာနက်။

ချယ်လ်ဆီးနှင့် ဘိုင်ယန်မြူးနစ်တို့၏ ချန်ပီယံလိဂ် ဗိုလ်လုပွဲအား ကြည့်ရှုအားပေးနေသော ဂျီ-၈ အုပ်စုနိုင်ငံ ခေါင်းဆောင်များ

ဂျပန်နိုင်ငံမှ လီမာမျောက်များ နေကြတ်မှုဖြစ်စဉ်ကြောင့် ဂနာမငြိမ်ဖြစ်ခဲ့ရ

တိုကျို မေ ၂၁

မေ ၂၁ ရက် နံနက်ပိုင်းတွင် အာရှတိုက်တစ်လွှားကြုံတွေ့ခဲ့ရသော နေကြတ်မှုဖြစ်စဉ်ကြောင့် ဂျပန်နိုင်ငံ တိရစ္ဆာန်ဥယျာဉ်တစ်ခုမှ လီမာမျောက်သတ္တဝါများ**(အောက်ပုံ)**သည် ညအချိန်ကျရောက်ပြီဟုသောအထင်ဖြင့် ဂနာမငြိမ်ဖြစ်ခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နေအလင်းစက်ဝန်းဖြစ်ပေါ်စဉ်ကာလအတွင်း ဂျပန်နိုင်ငံ အလယ်ပိုင်း အိုက်ချီစီရင်စုရှိ တိရစ္ဆာန်ဥယျာဉ် အတွင်းမှ လီမာမျောက်ကောင်ရေ ၂၀ ခန့်သည် ကမူးရှူးထိုးခုန်ပေါက်ခဲ့ကြကြောင်း သိရသည်။

ကြုံတောင့်ကြုံခဲ နေကြတ်မှုဖြစ်စဉ်အတွင်း လီမာမျောက်များသည် ၎င်းတို့၏ ကိုယ်ခန္ဓာအပူချိန်မြင့်တက်ရေးအတွက် ညနေခင်းအချိန်များတွင် လုပ်လေ့လုပ်ထရှိသည့် အပြုအမူများအား လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တိရစ္ဆာန်ရုံ ညွှန်ကြားရေးမှူး အကီရာကာတိုက ပြောကြားခဲ့သည်။

နေအလင်းစက်ဝန်းမဖြစ်ပေါ်မီ တဒင်္ဂတွင် လီမာမျောက်များသည် သစ်ပင်များ၊ တန်းများအပေါ် တက်ရောက်ခုန်ပေါက်ခဲ့ကြရာ ယင်းအပြုအမူများသည် နေ့ကာလ၌ လီမာမျောက်များ လုပ်လေ့လုပ်ထမရှိသော အပြုအမူမျိုးဖြစ်ကြောင်း သိရသည်။

နေကြတ်မှုဖြစ်စဉ် ပြီးဆုံးပြီးနောက် စိတ်လှုပ်ရှားဂနာမငြိမ်ဖြစ်နေသော လီမာမျောက်များသည် ပြန်လည်ငြိမ်သက်သွားကာ ၎င်းတို့၏ နေ့စဉ်အပြုအမူများအား ပြန်လည်ပြုမူခဲ့ကြသည်။

နေ၏ ရှေ့တူရူမှ လဖြတ်သန်းချိန်တွင် ကမ္ဘာမြေနှင့် ဝေးကွာလွန်းသည့်အဖြစ်ကြောင့် နေမျက်နှာပြင်တစ်ခုလုံးကို ဖုံးကွယ်နိုင်ခြင်းမရှိသည့်အခြေအနေ၌ အလင်းစက်ဝန်းပုံစံ နေကြတ်မှုဖြစ်ပေါ်တတ်သည်။

အင်တာနက်။

ခွဲထွက်ရေးအုပ်စုဝင် အကြမ်းဖက်သမားနှစ်ဦးအား စပိန်တရားရုံးမှ ထောင်ဒဏ် ၈၄၃ နှစ် ချမှတ်

စန်တာပိုလာ(စပိန်) မေ ၂၁

၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကို ကျူးလွန်ခဲ့သည့် ဘာ့စ်ကေးခွဲထွက်ရေးအုပ်စု (အီးတီအေ) အဖွဲ့ဝင် အကြမ်းဖက်သူနှစ်ဦးအား တစ်ဦးလျှင် ထောင်ဒဏ် ၈၄၃ နှစ် ကျခံစေရန် စပိန်နိုင်ငံ တရားရုံးတစ်ရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း မေ ၂၀ ရက် ယူပီအိုင်သတင်းတစ်ရပ်၌ ဖော်ပြသည်။

အော်စကာဂီလာရင်နှင့် အန်တိုနီအော်တေဂီ အမည်ရှိ အကြမ်းဖက်သမားနှစ်ဦးသည် ၂၀၁၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် စပိန်နိုင်ငံ စန်တာပိုလာမြို့ ဂွာဒီအာဘူတာရုံ၌ ဗုံးခွဲမှုကို ကျူးလွန်ခဲ့ကြပြီး ယင်းတိုက်ခိုက်မှုကြောင့် အသက် (၆)နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် အသက်အရွယ်ကြီးရင့်သည့် အမျိုးသားတစ်ဦးတို့ သေဆုံးခဲ့ရသည်ဟု သတင်းတွင် ဖော်ပြသည်။

ဂီလာရင်နှင့် အော်တေဂီတို့ နှစ်ဦးသည် လူသတ်မှု နှစ်မှု၊ လူသတ်မှုကျူးလွန်ရန် ကြံစည်မှု ၅၁ မှုနှင့် ဗုံးဖောက်ခွဲမှုနှင့် အခြားသော ပြစ်မှုများအတွက် ထောင်ဒဏ် စုပေါင်း ချမှတ်ခံရခြင်းဖြစ်ကြောင်း စပိန်နိုင်ငံသတင်းများ၌ ဖော်ပြသည်။

၎င်းတို့နှစ်ဦးသည် ထောင်ဒဏ်ပြစ်ဒဏ်များကို ကျခံရမည့်အပြင် ဗုံးဖောက်ခွဲမှုကြောင့် သေဆုံးရသူ မိန်းကလေးငယ်၏ မိဘများအား အမေရိကန်ဒေါ်လာ ၂၆၉၇၀၇ နှင့် သက်ကြီးရွယ်အို အမျိုးသား၏ မိသားစုဝင်များအား အမေရိကန်ဒေါ်လာ ၉၆၂၀၆ ပေးဆောင်ရမည်ဖြစ်သည်။

ဂွာဒီအာ ဘူတာရုံသည် လူနေရပ်ကွက်အတွင်း၌ တည်ရှိပြီး ယင်းရပ်ကွက်တွင် စပိန်ရဲအဖွဲ့ဝင်အရာရှိများ၏ မိသားစုများလည်း နေထိုင်ကြသည်။

အင်တာနက်။

ပါကစ္စတန်စစ်လေယာဉ်များ အိန္ဒိယလေပိုင်နက်အတွင်း ကျူးကျော်ခဲ့

နယူးဒေလီ မေ ၂၁

ပါကစ္စတန်စစ်လေယာဉ်များသည် လွန်ခဲ့သည့်လေးလအတွင်းက နှစ်ကြိမ်အပါအဝင် ကုန်ဆုံးခဲ့ပြီးဖြစ်သော သုံးနှစ်တာကာလတွင် အိန္ဒိယနိုင်ငံ၏ လေကြောင်းပိုင်နက်ကို (၂၃)ကြိမ်တိုင်တိုင် ကျူးကျော်ဝင်ရောက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီး အေကေအန်တိုနီက မေ ၂၁ ရက်တွင် ပြောကြားသည်။

ယင်းကဲ့သို့ ကျူးကျော်မှုများနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံက အလေးအနက်ထား ဆွေးနွေးနေကြောင်း ဝန်ကြီးက ထုတ်ဖော်ပြောဆိုသည်။ ၂၀၀၉ မှ ၂၀၁၁ ခုနှစ်အတွင်းနှင့် လက်ရှိ ၂၀၁၂ ခုနှစ်အတွင်း၌ ပါကစ္စတန်လေယာဉ်များသည် အိန္ဒိယလေပိုင်နက်ကို (၂၃)ကြိမ် ဝင်ရောက်ကျူးကျော်ခဲ့ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

အသေးစိတ်အချက်အလက်များအရ ၂၀၀၉ ခုနှစ်အတွင်းက ပါကစ္စတန်လေတပ်သည် အိန္ဒိယလေကြောင်းပိုင်နက် အတွင်းသို့ ရှစ်ကြိမ် ကျူးကျော်ဝင်ရောက်ခဲ့သည်ဟု အန်တိုနီက ပြောကြားသည်။ **အင်တာနက်။**

အမေရိကန်နှင့်ပါကစ္စတန်အကြား သဘောထားကွဲလွဲမှု ပေါ်ပေါက်နေဆဲဖြစ်

ချီကာဂို မေ ၂၁

အာဖဂန်စစ်ပွဲ အဆုံးသတ်ရေး မဟာဗျူဟာတစ်ရပ် ချမှတ်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ ကျင်းပသည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၏ ထိပ်သီးညီလာခံအဖွင့်နေ့သည် အမေရိကန်နှင့် ပါကစ္စတန်အကြား တင်းမာမှုများကြောင့် ရှုပ်ထွေးခဲ့ရကြောင်း မေ ၂၁ ရက် သတင်းများတွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ နေတိုးတပ်ဖွဲ့ဝင်များထံ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့သည့် အဓိကထောက်ပံ့ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်ပေးရေး သဘောတူညီချက်ကို အမေရိကန်ပြည်ထောင်စုအနေဖြင့် ရရှိသေးခြင်းမရှိပေ။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၆ ရက်က ပါကစ္စတန်နယ်စပ်ဒေသ၌ ပြုလုပ်ခဲ့သော အမေရိကန်ပြည်ထောင်စု၏ လေကြောင်းထိုးစစ်တစ်ရပ်ကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၀ ကျော် သေဆုံးခဲ့ပြီးနောက် နေတိုးတပ်ဖွဲ့က အသုံးပြုသည့် ထောက်ပံ့ရေးလမ်းကြောင်းများအား ပါကစ္စတန်အစိုးရက ပိတ်ဆို့ခဲ့သည်။

ထောက်ပံ့ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရန် နေတိုးအဖွဲ့၏ နှစ်ရက်ကြာထိပ်သီးညီလာခံ၌ ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီအား ဖိအားပေးတိုက်တွန်းသွားရန် အမေရိကန်နှင့် နေတိုးအဖွဲ့တာဝန်ရှိသူများက ရည်ရွယ်ထားသည်။

သို့ရာတွင် ထောက်ပံ့ရေးလမ်းကြောင်းများကို နေတိုးတပ်ဖွဲ့ကုန်တင်ယာဉ်များ ဖြတ်သန်းခအတွက် အမေရိကန်နှင့် နေတိုးတပ်ဖွဲ့တို့က ပါကစ္စတန်နိုင်ငံသို့ မည်ရွေ့မည်မျှ ပေးချေသင့်သည်ဟူသော အချက်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်အကြား သဘောတူညီမှု မရသေးပေ။

ထောက်ပံ့ရေးလမ်းကြောင်းများကို နေတိုးတပ်ဖွဲ့ကုန်တင်ယာဉ်များဖြတ်သန်းအသုံးပြုခအတွက် ပါကစ္စတန် နိုင်ငံက အဆ ၃၀ ပိုမိုတိုးမြှင့်တောင်းခံထားရာ အမေရိကန်ပြည်ထောင်စုနှင့် နေတိုးမဟာမိတ်များက ငြင်းဆိုထားကြောင်း သိရသည်။

အင်တာနက်။

မြန်မာ့ဘောလုံးလောက ပိုမိုဖွံ့ဖြိုးရေး Think Tank Meeting ကျင်းပ

ရန်ကုန် မေ ၂၁

မြန်မာ့ဘောလုံးလောက ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်တွင် အာရှနှင့် ကမ္ဘာ့ဘောလုံးအင်အားကြီးနိုင်ငံများနည်းတူ မြန်မာ့ဘောလုံးအောင်မြင်မှုရရှိရေးအတွက် ဝါရင့်အားကစားကလောင်ရှင်များ၊ ဘောလုံးကျွမ်းကျင်သူများနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) တာဝန်ရှိသူများ ပါဝင်သော Think Tank Meeting ကို မေ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် Executive Room ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဌာနခွဲတာဝန်ခံများ၊ ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း၊ အားကစားကလောင်ရှင်များ၊ ဘောလုံးကျွမ်းကျင်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အဆိုပါ Think Tank Meeting တွင် တက်ရောက်လာသူများက လူငယ်မျိုးဆက်သစ်များ ပေါ်ထွက်ရေးအတွက် စနစ်တကျ ရွေးချယ်ရေးနှင့်လူငယ်များကစားရန် ဘောလုံးကွင်းများ ပိုမိုပေါ်ပေါက်ရေး၊ ကျောင်းများတွင် အားလပ်ချိန် ကျောင်းသားလူငယ်များ ဘောလုံးကစားနိုင်ရေးအတွက် သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအား ယခုထက်ပိုမိုအောင်မြင်မှုရရှိရေး၊ နိုင်ငံလက်ရွေးစင်အသင်းများ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရေးနှင့် ကမ္ဘာ့ဖလားယူ-၁၇ ပြိုင်ပွဲတွင် မြန်မာလူငယ်အသင်း ခြေစစ်ပွဲအောင်မြင်ရေး၊ လာမည့် AFC-U22 ခြေစစ်ပွဲနှင့် ၂၀၁၃ နေပြည်တော် ဆီးဂိမ်းစ်တွင် မြန်မာအသင်းအနိုင်ရဗိုလ်စွဲရေး စသည်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။**(အပေါ်ပုံ)**

ဇော်မင်းအောင် - ၁၀၇

○ နေပြည်တော်မှ

Southern အသင်းမှာ မနောမြေကို ဂိုးပြတ်အနိုင်ရခဲ့သည့် ခြေစွမ်းမျိုး ယခုပွဲတွင် မတွေ့ရဘဲ နေပြည်တော်ခံစစ်ပိုင်းကို မကျော်နိုင်ခဲ့ပေ။ ယခုပွဲတွင် တိုက်စစ်မှူး လီအန်ဒရိုခြေစွမ်းပြကစားသွားပြီး ငါးမိနစ်တွင် ခေါင်းတိုက်ပြီး ပထမဂိုး၊ ၆၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုးတို့ကို သွင်းယူခဲ့သည်။ နေပြည်တော်အသင်းတွင် အသစ်ခေါ်ယူထားသည့် ကိုရီးယားကစားသမားများဖြစ်သည့် ဆင်မ်နှင့် ဂျောင်တို့လည်း ပါဝင်ကစားခဲ့သည်။

(အောင်ဆန်းကွင်း)
ဧရာဝတီယူနိုက်တက်-သုံးဂိုး
(စိုင်းသန်းအောင်-နှစ်ဂိုး၊ နန္ဒလင်းကျော်ချစ်-တစ်ဂိုး)
ဇွဲကပင် ယူနိုက်တက်-သုံးဂိုး
(မာကို-နှစ်ဂိုး၊ သိန်းဇော်-တစ်ဂိုး)

ဇွဲကပင်နှင့် ကြုံတွေ့တိုင်း ခက်ခက်ခဲခဲကစားရလေ့ရှိသည့် ဧရာဝတီအသင်းမှာ ယခုပွဲတွင်လည်း အနိုင်မကစားနိုင်ဘဲ သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ ယိုအန်လက်ထက်တွင် အကောင်းဆုံးပုံစံရလာသည့် ဇွဲကပင်အသင်းမှာ ယခုပွဲတွင် ခြေစွမ်းပြကစားကာ နောက်မှလိုက်ကစားပြီး သရေတစ်မှတ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဧရာဝတီအသင်းမှာ သုံးမိနစ်တွင် နန္ဒလင်းကျော်ချစ်၊ ၄၆ မိနစ်နှင့် ၇၂ မိနစ်တို့တွင် စိုင်းသန်းအောင်တို့ သွင်းယူသောဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း တိုက်စစ်မှူး မာကို၏ ခြေစွမ်းပြမှုဖြင့် ဇွဲကပင်တို့ ချေပဂိုးများ ပြန်ရခဲ့သည်။ မာကိုက ၅၅ မိနစ်နှင့် ၆၅ မိနစ်တွင် ချေပဂိုးများ သွင်းယူခဲ့ပြီး သရေ တစ်မှတ်ရစေမည့် ဂိုးကို ၈၂ မိနစ်တွင် သိန်းဇော်က သွင်းယူပေးခဲ့သည်။

ပွဲစဉ်(၁၅)အပြီးတွင် ရတနာပုံအသင်းက ၃၄ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ရန်ကုန်နှင့် ဧရာဝတီတို့ ၃၁ မှတ်စီတူသော်လည်း ဂိုးကွာခြားချက်ဖြင့် ရန်ကုန်က ဒုတိယ၊ ဧရာဝတီက တတိယနေရာတွင် ရှိနေသည်။ ကမ္ဘောဇနှင့် နေပြည်တော်တို့မှာလည်း ၂၉ မှတ်စီတူနေပြီး ဂိုးကွာခြားချက်ဖြင့် ကမ္ဘောဇက စတုတ္ထနှင့် နေပြည်တော်က ပဉ္စမနေရာတို့တွင် အသီးသီး ရပ်တည်နေကြသည်။

မန္တလေးတိုင်းဒေသကြီး ကလပ်အသင်းများ လုပ်ငန်းညှိနှိုင်းစည်းဝေး

မန္တလေး မေ ၂၁

ဇွန် ၁၂ ရက်တွင် နေပြည်တော်၌ စတင်ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး Challenge Cup Tournament (2012) ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ကလပ်အသင်းများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၅ ရက်က မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ၊ မန္တလေးတိုင်းဒေသကြီး အားကစား ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။**(ဝဲပုံ)**

အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီး Challenge Cup Tournament(2012) ပြိုင်ပွဲကို နေပြည်တော်ရှိ သတ်မှတ်ထားသော အားကစားကွင်း၊ အားကစားခန်းမများ၌ ဇွန် ၁၂ ရက်မှ ဇူလိုင် ၂၃ ရက်အထိ ပထမအသုတ်နှင့် ဒုတိယအသုတ်တို့တွင် အားကစားနည်း ရှစ်မျိုးစီ၊ တတိယအသုတ်တွင် အားကစားနည်း ခုနစ်မျိုး၊ စတုတ္ထအသုတ်တွင် အားကစားနည်း ခြောက်မျိုး စုစုပေါင်းအားကစားနည်း ၂၉ မျိုး ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၈၇)

RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၁

Royal Mingalardon Golf & Country Club က ကြီးမှူးကျင်းပသောRMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၆ ရက်တွင် အဆိုပါဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယခုပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကြေးမှရရှိသောငွေများကို မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအသင်းအဖွဲ့များသို့ လှူဒါန်းရန်အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သောကြောင့် ဂေါက်သီးရိုက် အားကစားသမား မည်သူမဆို ပြိုင်ပွဲဝင်ကြေးဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ယင်းပြိုင်ပွဲကို System 36 ဖြင့် အတန်း နှစ်တန်းခွဲကာ ကျင်းပမည်ဖြစ်ပြီး အနိုင်ရရှိသူများအား အဖိုးတန်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Myanmar Brewery Co.,Ltd. က Diamond Sponsor အဖြစ်လည်းကောင်း၊ Super Power နှင့် Singtech တို့က Platinum Sponsor အဖြစ်လည်းကောင်း၊ Royal Modern Furniture Red Link နှင့် Alpine တို့က Gold Sponsor အဖြစ်လည်းကောင်း၊ Mya Yeik Nyo Hotel၊ Karaweik Palace၊ MAI၊ Canon၊ CP၊ Taylor Made၊ Transviewနှင့် Crest Link တို့က Silver Sponsor များအဖြစ် လည်းကောင်း အသီးသီး ပါဝင်ပံ့ပိုးကူညီထားကြသည်။

အဆိုပါပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၃၉၄၄၅~၇၊ ၀၁-၆၃၉၄၃၅~၉ နှင့် Hot Line ၀၉-၈၆၃၆၃၉၅ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရိုးရာခြင်းလုံးအလှခတ်ပြပွဲ သထုံ၌ ကျင်းပ

သထုံ မေ ၂၁

သထုံခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ခြင်းလုံးဆပ်ကော်မတီမှ ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာခြင်းလုံးအလှခတ်ပြပွဲ**(အပေါ်ပုံ)**ကို မေ ၂၀ ရက် နံနက် ၉ နာရီတွင် သထုံမြို့ ဘင်လိုင်ရပ်ကွက် မိုးလုံလေလုံ ခရိုင်အားကစားရုံ၌ ကျင်းပရာ ရှေးဦးစွာ သထုံခရိုင်အတွင်းရှိ ခြင်းလုံးအလှခတ်အသင်း ၁၆ သင်းနှင့် ဖိတ်ခေါ်အသင်းများဖြစ်ကြသည့် မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ဘားအံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က အစဉ်အတိုင်း အလှခတ်ကစားကြပြီး အထူးပြပွဲအနေဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ခြင်းလုံးအလှပညာရှင် လက်ရွေးစင် အောင်အောင်၊ ဖိုးလပြည့်နှင့်အဖွဲ့တို့က ရိုးရာခြင်းလုံးအလှပြကွက်များကို လှပစွာကစားပြသခဲ့ကြရာ ခရိုင်အား/ကာ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ခြင်းလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ရိုးရာခြင်းလုံးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်နှင့် အဖွဲ့ဝင်များက ခရိုင်ခြင်းလုံးဆပ်ကော်မတီသို့ ချီးမြှင့်ထောက်ပံ့ငွေကျပ် ၁၅၀၀၀ ကို ပေးအပ်လှူဒါန်းသည်။ (ကြေးမုံ)

● ပေါင် ၁၅ သန်းမှ

မန်စီးတီးအသင်းပိုင်ရှင် ရှိတ်ခ်မန်ဆောက ပရီမီယာလိဂ်ဖလားရရှိခဲ့ခြင်းကို ချီးကျူးဂုဏ်ပြုသည့်အနေဖြင့် မန်စီနီအားလက်ရှိအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုကာ အသင်း၏တာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ဖိတ်ခေါ်ခဲ့သည်။

ထို့အပြင် မန်စီးတီးအသင်းအနေဖြင့် မန်စီနီ၏ မိသားစုအားလပ်ရက်မတိုင်မီ ပေါင် ၁၅ သန်းတန် စာချုပ်တစ်ရပ်ချုပ်ဆိုရန် မျှော်လင့်ထားခဲ့ကြောင်း မန်စီးတီးအသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***

TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ MYANMAR BREWERY LTD က အဓိက ကူညီပံ့ပိုးသည့် TIGER MYANMAR AMATEUR OPEN GOLF CHAMPIONSHIP 2012 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇွန် ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် တညင်းကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အပျော်တမ်းအဆင့်ပြိုင်ပွဲ (H’CAP 0-12) အဆင့်ရှိသူများသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲကို R&A RULES LIMITED(ST. ANDREW) ဂေါက်စည်းမျဉ်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်းကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်မည့် ဂေါက်သီးအားကစားသမားများသည် တစ်ဦးလျှင် ပြိုင်ပွဲဝင်ကြေးငွေကျပ် နှစ်သောင်းကို ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲနှင့် စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များကို (HAN EVENT MANGEMENT) ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၇၃၁၃၀၄၇၄ နှင့် ၀၉-၄၉၁၀၂၀၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ဘာဘာတော့ဗ် မန်ယူမှ ထွက်ခွာမည်ဟုဆို

မန်ချက်စတာ မေ ၂၁

မန်ယူတိုက်စစ်မှူး ဒီမီတာဘာဘာတော့ဗ်သည် ၎င်း၏ ဘောလုံးသမားဘဝ အာမခံချက်ပေးနိုင်မည့်အသင်း တစ်သင်းရှာဖွေရန်ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာမည်ဟု ဆိုသည်။

တိုက်စစ်မှူး ဘာဘာတော့ဗ်သည် ပြီးခဲ့သည့် ဘောလုံးရာသီ၌ ၂၁ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့ခြင်းကြောင့် စပါးအသင်းမှ မန်ယူအသင်းသို့ ရောက်ရှိခဲ့သည့် ၂၀၀၈ ခုနှစ်မှစတင်ကာ တစ်ရာသီပွဲထွက်ကစားခွင့်ရရှိသည့် အရေအတွက်လျော့ကျနေသည်ကို တွေ့ရှိခဲ့ကြောင်းနှင့် မန်ယူအသင်းနည်းပြဖာဂူဆန်သည် မိမိအား အခွင့်အရေးပိုပေးမည်ဟု ကတိပြုထားသော်လည်း ပြောသည့်အတိုင်း မလုပ်ဆောင်ခဲ့ခြင်းကြောင့် စိတ်ပျက်မိကြောင်း ဘာဘာတော့ဗ်က အခိုင်အမာပြောကြားခဲ့သည်။

နည်းပြဖာဂူဆန်နှင့် ဆွေးနွေးမှု(၁၀)ကြိမ်ပြုလုပ်ခဲ့သော်လည်း အသင်း၌ ဆက်လက်နေရန် တောင်းဆိုခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ မန်ယူအသင်း၌ ရှိနေခြင်းသာဖြစ်ကြောင်း ဘာဘာတော့ဗ်က ပြောကြားခဲ့သည်။

မန်ယူအသင်းအနေဖြင့် မိမိအား တန်ဖိုးမထားမှုအပိုင်းကို ကြာရှည်စွာ သည်းမခံနိုင်တော့ကြောင်း၊ ပုံမှန်ပွဲထွက်ခွင့်ရရှိသည့် အခွင့်အရေးကို ဘောလုံးသမားတိုင်းလိုချင်ကြောင်း၊ သို့မဟုတ်ပါက အာမခံချက်ပေးနိုင်မည့်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ဘာဘာတော့ဗ်က ပြောကြားခဲ့သည်။

လီဗာပူးအသင်းနှင့် စီးရီးအေကလပ် လာဇီယိုအသင်းတို့ကလည်း မိမိအားစိတ်ဝင်စားလျက်ရှိသည်ဟု ပြောကြားလာခဲ့ကြောင်းနှင့် ယခုလအစောပိုင်းကတည်းက မန်ယူအသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားခဲ့ကြောင်း ဘာဘာတော့ဗ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***

ဘောလုံးသမားဘဝ အာမခံချက်ပေးနိုင်မည့် အသင်းသို့ ပြောင်းရွှေ့လိုသည့် မန်ယူတိုက်စစ်မှူး ဘာဘာတော့ဗ်။

လဲမှို့ဟျောင်လက်များ ဈေးကွက်သို့စတင် တင်ပို့

ရေတာရှည် မေ ၂၁

ရေတာရှည်မြို့နယ်အတွင်း ကျေးလက်ဒေသအနှံ့အပြားမှ မတ်လမှစတင်၍ လိုက်လံဝယ်ယူထားသောလဲမှို့များကို ပွဲရုံဝယ်လက်များမှ ယခုအခါရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်ဈေးကွက်များသို့ စတင်တင်ပို့လျက်ရှိသည်။**(ယာပုံ)**

မွေ့ရာ၊ ခေါင်းအုံးနှင့် အိပ်ခန်းသုံးပစ္စည်းများပြုလုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် လဲမှို့သည်ကျေးလက်ဒေသများတွင် နေအိမ်ဝိုင်းခြံစည်းရိုးတစ်လျှောက် စိုက်ပျိုးထားလေ့ရှိပြီး ဈေးကွက်ဝယ်လိုအားကြောင့် အခွံခွာပြီးလဲမှို့တစ်ပိဿာလျှင် အရည်အသွေးအပေါ်မူတည်၍ ကျပ် ၉၀၀ မှ ကျပ် ၁၀၀၀ ရရှိသည်ဟု သိရသည်။ “အဓိက ဝယ်လိုအားကတော့ မော်လမြိုင်ပဲ။ မော်လမြိုင်မှာ လဲမှို့ကိုပြန်သန့်ပြီးမှ မြဝတီကတစ်ဆင့် မဲဆောက်ဘက်ကို ဆက်ပို့တယ်လို့သိရတယ်။ တစ်ရာသီမှာ လဲမှို့ပိဿာချိန် နှစ်သိန်းမှ သုံးသိန်းအထိဝယ်ယူလို့ရတယ်” ဟု လဲမှို့ပွဲရုံလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောပြသည်။ လဲမှို့ပင်သည် အချိန်တိုအတွင်း ရှင်သန်ကြီးထွားလွယ်ပြီး အပိုဝင်ငွေရရှိသည့်အတွက် ကျေးလက်ဒေသတွင် ပိုမိုစိုက်ပျိုးလာကြသည်ကိုတွေ့ရှိခဲ့ရသည်။

ကိုလွင်(ဆွာ)

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နိုင်

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

အစဉ်လက်ကမ်းကြိုဆိုလျက်ပါ

သတင်းဆောင်းပါး ➢ ထွန်းထွန်း(နတလ)
သတင်းဓာတ်ပုံ ➢ လှမင်းထွန်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အဓိကအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ယင်းသို့အကောင်အထည်ဖော်ရာတွင် ဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူ၍ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏ လိုအပ်ချက်များအပေါ် လုပ်ငန်းဆပ်ကော်မတီများဖြင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်း ထိတွေ့ဆက်ဆံ ဆောင်ရွက်ပေးလျက်ရှိသည်။

ကော်မတီ၏ လုပ်ငန်းများတွင် လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်သည့် အဖွဲ့အစည်းများ၊ ထာဝရငြိမ်းချမ်းရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို အပြီးအပိုင် စွန့်လွှတ်ခဲ့သူများအား တစ်ဦးချင်းအနေဖြင့် သော်လည်းကောင်း၊ အစုအဖွဲ့အလိုက်အနေဖြင့် သော်လည်းကောင်း အခြေအနေ၊ အချိန်အခါပေါ်မူတည်၍ ၎င်းတို့တင်ပြလာမှုများပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်များရှိပါသည်။

ယင်းတို့အနက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ၁၆-၁၂-၂၀၁၁ ရက်နေ့၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးသို့ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့သည့် KNLA (ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်)မှ ဗိုလ်ကြီးအဆင့်ရှိ ကော့ဂေထွန်း ဦးစီးတပ်ဖွဲ့ဝင်အင်အား ၂၇ ဦးနှင့် မိသားစုကိုးဦးတို့သည်လည်း အပါအဝင်ဖြစ်ပါသည်။

KNLA မှ ဗိုလ်ကြီးကော့ဂေထွန်း ဦးစီးတပ်ဖွဲ့ဝင် ၂၇ ဦးနှင့် မိသားစုများ ဥပဒေဘောင်အတွင်း ဝင်လာခြင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွှေကျင်မြို့နယ် မြဝတီခန်းမတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဦးစီး၍ အခမ်းအနားဖြင့် နွေးထွေးစွာ ကြိုဆိုခဲ့ကြပြီး ဒေသအစီအစဉ်ဖြင့် ထောက်ပံ့ငွေကျပ် ရှစ်သိန်းနှင့် ဆန်၊ ဆီ၊ ဆားရိက္ခာများကို လတ်တလောစားဝတ်နေရေးအဆင်ပြေစေရန် ထောက်ပံ့ပေးခဲ့ပါသည်။

တရားမဝင် လက်နက်ကိုင်ဆောင်ခြင်းကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ဦးကော့ဂေထွန်းနှင့်အဖွဲ့အား နေသားတကျမရှိမီ ရွှေကျင်မြို့နယ် ခြေတော်ရာကျေးရွာတွင် တိုင်းစစ်ဌာနချုပ် အစီအစဉ်ဖြင့် ယာယီနေရာချထားပေးခဲ့ပါသည်။ ယင်းအဖွဲ့ အတည်တကျနေထိုင်လုပ်ကိုင်စားသောက်နိုင်ရန် နယ်မြေဒေသရွေးချယ်ခြင်း၊ တာဝန်ရှိသူများနှင့် ကွင်းဆင်းစစ်ဆေး တိုင်းတာဆောင်ရွက်ခြင်းများကို စီမံဆောင်ရွက်ကြပါသည်။ တပ်ဖွဲ့ဝင် ၂၇ ဦးနှင့် မိသားစုဝင်များ အတည်တကျ နေထိုင်စားသောက်ရန် စီမံဆောင်ရွက်နေသည့်ကာလအတွင်း လတ်တလောစားဝတ်နေရေးနှင့် အုပ်ချုပ်မှုကိစ္စများ အဆင်ပြေစေရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၂၀၊ ၂၁ လက်မ ရုပ်မြင်သံကြားစက် တစ်လုံး၊ တစ်လဆန်အိတ် ၅၀ နှုန်းဖြင့် သုံးလစာတို့ကို ထောက်ပံ့ပေးခဲ့ပါသည်။

ယင်းသို့ ဆောင်ရွက်ပေးထားစဉ် အခြေချနေထိုင်မည့် ရွှေကျင်မြို့နယ် ကွန်ဖွဲ့ဒေသသို့ ရွှေကျင်မှ ၁၂ ပေ အကျယ်မြေသားလမ်း ၁၆ မိုင် ၄ ဖာလုံကို ဖောက်လုပ်ခြင်း၊ ၎င်းလမ်းပေါ်ရှိ ၂၅ ပေအရှည် အုတ်ခုံခံသစ်သားတံတား ဆောက်လုပ်ခြင်း၊ ခေါင်းဆောင်နှင့် တပ်ဖွဲ့ဝင်မိသားစုများ နေထိုင်ရန် အိမ် ၁၃ လုံး၊ တစ်ဦးလျှင် သုံးဧကနှုန်းဖြင့် ၂၇ ဦးအတွက် စိုက်ပျိုးမြေ ၈၁ ဧက ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ စုစုပေါင်းကျပ် ၆၆ ဒသမ ၃ သန်း ကုန်ကျခဲ့ပါသည်။

ဤသို့ ဆောင်ရွက်ပေးခဲ့သည်မှာ ယခုမှမဟုတ်ပါ။ ယခင်ကလည်း ငြိမ်းချမ်းရေးရွာများ တည်ထောင်ပေးခဲ့ပြီး ဖြစ်ပါသည်။ ကရင်ပြည်နယ်တွင် မြိုင်ကြီးငူ၊ ဘုရားကုန်းကျေးရွာ၊ ထို့ကော်ကိုးကျေးရွာ၊ ရွှေဒါးကျေးရွာများသည် ထင်ရှားသော ငြိမ်းချမ်းရေးကျေးရွာကြီးများ ဖြစ်ကြပါသည်။

နယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများအား လတ်တလော အဆင်ပြေစေရန်နှင့် ရေရှည်ရပ်တည်နိုင်ရန် လိုအပ်ချက်အပေါ် မူတည်၍ ဆန်၊ ဆား၊ ရိက္ခာ၊ ယာဉ်နှင့် ငွေထောက်ပံ့မှုများကို ထောက်ပံ့ပေးခဲ့ရာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း စတင်ခဲ့သည့် ၁၉၈၉-၉၀ ဘဏ္ဍာရေးနှစ်မှ ၂၀၁၂ ခုနှစ် ဧပြီလကုန်အထိ တိုင်းရင်းသားအဖွဲ့အစည်း အသီးသီးတို့ ထောက်ပံ့ပေးခဲ့သည့် ငွေကြေးပမာဏ စုစုပေါင်းမှာ မှတ်တမ်းများအရ ကျပ် ၁၈၆၁၂ သန်း(၁၈ ဒသမ ၆၁၂ ဘီလီယံ) ရှိပါသည်။ ဤကုန်ကျစရိတ်များသည် ထာဝရငြိမ်းချမ်းရေးအတွက် လမ်းခင်းပေးသော ထောက်ပံ့ရေးလမ်းတံတားများ ကုန်ကျစရိတ်ဟူ၍ပင် တင်စားခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။

ယခုလည်း ထာဝရငြိမ်းချမ်းရေးလမ်းပြမြေပုံအရ ပထမပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် ဒုတိယပြည်ထောင်စုအဆင့်များသို့ ရောက်ရှိလာလျှင်ပင် လိုအပ်သော ပံ့ပိုးကူညီထောက်ပံ့မှုများကို နိုင်ငံတော်မှလည်းကောင်း၊ နိုင်ငံတော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများအားကိုပါ ရယူ၍လည်းကောင်း၊ နယ်စပ်ဒေသများရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

ရွှေကျင်မြို့နယ် ကွန်ဖွဲ့ဒေသတွင် KNLA ဗဟိုမှ ဗိုလ်ကြီးအဆင့်ရှိ ကော့ဂေထွန်းဦးစီးသော ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် အိမ်ရာဆောက်လုပ်ပေးထားသည်ကို တွေ့ရစဉ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

၂၀၁၂ ခုနှစ် မေလ ၂၂ ရက်
အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့
အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများ

ဒုတိယဝန်ကြီး ဦးဌေးအောင်အား စင်ကာပူညွှဲကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၁

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်အား စင်ကာပူနိုင်ငံ Jhon Swire Investment Group မှ Director Mr. Charles Bremridge နှင့် Swire Pacific Offshore Operations Pte.,Ltd. မှ General Manager, Mr. George Richard Horsington တို့သည် ယနေ့မွန်းတည့် ၁၂နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** စင်ကာပူနိုင်ငံ Jhon Swire Investment Group အနေဖြင့် မြန်မာနိုင်ငံ၌ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းနှင့်ပင်လယ်ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ စုံစမ်းမေးမြန်း ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များ လုပ်ကိုင်ဆောင်ရွက်လိုခြင်းနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေးလေဆိပ်များသို့ လေကြောင်းပျံသန်းခြင်းဖြင့် ခရီးသွားလုပ်ငန်းကို ပိုမိုအထောက်အကူပြုစေမည့်ကိစ္စရပ်များ၊ အပျော်စီးသင်္ဘောခရီးစဉ်များ ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအောင်ပုဂ္ဂိုလ်များ ဆုနှင်းပွဲကျင်းပ

နေပြည်တော် မေ ၂၁

ဓမ္မဗျူဟာသာသနမာမကအဖွဲ့ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း၏ တတိယအကြိမ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာအောင်ပုဂ္ဂိုလ်များဆုနှင်းပွဲကို မေ ၂၀ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ကြသည့် ထူးချွန်ဆုရရှိသူ ၁၂ ဦး၊ အဘိဓမ္မာ စာအောင်ပုဂ္ဂိုလ် ၇၀၊ ဝိသုဒ္ဓိမဂ်စာအောင်ပုဂ္ဂိုလ်ခြောက်ဦးနှင့် သံယုတ်မြန်မာပြန်စာမေးပွဲစာအောင် ပုဂ္ဂိုလ် ၁၇ ဦးတို့အား သင်တန်းမှူး ဒေါ်ကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

(သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် (၁၉) ရပ်ကွက်၌ မေ ၅ ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ်ထောင်စုရှစ်စု လူဦးရေ ကျား/မ ၂၃ ဦးအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်ထားသည့် အမက (၃၂)သို့ မေ ၅ ရက်က မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များက သွားရောက်အားပေးစကားပြောကြားပြီး စောင်၊ခြင်ထောင်၊ ခေါင်းအုံးနှင့် အိုးခွက် ပန်းကန်၊ ဇွန်းနှင့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း လှူဒါန်းစဉ်။ (၃၂၉)

သယ်န်းကျွန်းမြို့နယ် စာရေးဆရာအသင်းရွေးချယ်ဖွဲ့စည်း

ရန်ကုန် မေ ၂၁

သယ်န်းကျွန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၁၂ ခုနှစ် မြို့နယ်မျက်နှာစုံညီအစည်းအဝေးကို မေ ၂၀ ရက် နံနက် ၉ နာရီက သယ်န်းကျွန်းမြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြို့နယ် ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း(မင်းယဉ်စု)က ဆောင်ရွက်သည်။

မြို့နယ် စာရေးဆရာအသင်းအဖြစ် ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ ဦးမောင်မောင်ကြည် (ရေနံမြေ မောင်မောင်ကြည်)၊ ဒုတိယဥက္ကဋ္ဌ ဦးဘသစ်(ဘသစ်ထူး)၊ အတွင်းရေးမှူး ဦးသန်းဝင်း(မင်းယဉ်စု)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဦး(ကာတွန်းရွှေကိုဦး)၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဆင့်(နှင်းကေခိုင်-ပညာရေး)နှင့် ကော်မတီဝင်များအဖြစ် ဦးမြင့်သိန်း(ဘသက်ဆွေ)၊ ဒေါ်ခင်သန်းဝင်း (မိုးညီညီ-စစ်တွေ)၊ ဦးအေးကြူ(အောင်လံ မောင်လန်းဆန်း)၊ ဦးမြတ်ဌေး(မြတ်လေး-ပေါက်လေ)တို့ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီး ညီလာခံကိုယ်စားလှယ်များအဖြစ် ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်(ရေနံမြေ မောင်မောင်ကြည်)နှင့် အတွင်းရေးမှူး ဦးသန်းဝင်း(မင်းယဉ်စု)တို့အား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

နို့စားနွားမွေးမြူရေး ချေးငွေထုတ်ချေး

မန္တလေး မေ ၂၁

ဆင်းရဲမှုလျော့နည်းပပျောက်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးအထူးဇုန်သတ်မှတ်ကာ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်တို့ရှိ မြို့နယ် ငါးမြို့နယ်၊ ကျေးရွာ ၁၄ ရွာတို့တွင် နို့စားနွားမွေးမြူရေးကုန်ထုတ်သမဝါယမအသင်း ၁၄ သင်းဖွဲ့စည်းပေးခဲ့ပြီး အသင်းသား ၉၆၅ ဦးတို့အား ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သီဟကိုကို (မန္တလေး)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဒေသထွက်ရာသီသီးနှံများ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ

မူဆယ် မေ ၂၁

မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသထွက် စိုက်ပျိုးရေးသီးနှံများ မူဆယ်မှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မူဆယ်မြို့ သစ်သီးဝလံ ကုန်စည်ဒိုင်များနှင့် ကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

နေ့စဉ် မူဆယ် ၁၀၅ မိုင် သစ်သီးကုန်စည်ဒိုင်မှ ဖရဲသီး(အဖြူ)၊ ဖရဲသီး(အစေ့မဲ့)၊ ဖရဲသီး(အကျား)နှင့် သခွားမွှေးသီး(ပိုက်ကွက်)၊ သခွားမွှေးသီး (ရွှေ)၊ သခွားမွှေးသီး(ဖရဲ)၊သရက်သီး(စိန်တလုံး)၊ သရက်သီး(ရွှေဟသ်ာ)၊ သရက်သီး(အကြမ်း)တို့ကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံဘက်သို့ မေ ၁၈ ရက်က သရက်သီး(စိန်တလုံး)တစ်ကီလိုဂရမ် လျှင် ပေါက်ဈေး အနိမ့်ဆုံးဈေး ၂၃၅ ကျပ်မှ အမြင့်ဆုံးဈေး ၄၆၉ ကျပ်၊ သရက်သီး(ရွှေဟသ်ာ) တစ်ကီလိုဂရမ် လျှင် ပေါက်ဈေးအနိမ့်ဆုံးဈေး ၁၉၆ ကျပ်မှ အမြင့်ဆုံးဈေး ကျပ် ၄၃၀၊ သရက်သီး(အကြမ်း) တစ်ကီလိုဂရမ်လျှင် ပေါက်ဈေးအနိမ့်ဆုံးဈေး ၁၆၉ ကျပ်မှ အမြင့်ဆုံးဈေး ၃၂၆ ကျပ်၊ ဖရဲသီး(ရှမ်းအဖြူ) တစ်ကီလိုဂရမ်လျှင် အနိမ့်ဆုံးပေါက်ဈေး ၁၉၆ ကျပ်မှ အမြင့်ဆုံးပေါက်ဈေး ၃၉၁ ကျပ်ဖြင့် အသီးသီး တင်ပို့ရောင်းချခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ကျောက်ဆည်နယ်ဘက်မှလည်း သခွားမွှေးသီး(ပိုက်ကွက်)၊ သခွားမွှေးသီး(ရွှေ)၊သခွားမွှေးသီး (ဖရဲ) နှင့် ထိုင်ဝမ်ဆီးသီးများ စသည်တို့ ဝင်ရောက်လျက်ရှိပြီး သီပေါနယ်ဘက်များမှလည်း နာနတ်သီးများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ ရမည်းသင်းနယ်တို့မှလည်း စပျစ်သီးများတင်ပို့ရောင်းချလျက်ရှိသည်။ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် တံတားဦးမြို့နယ်မှ ဖရဲသီးအဝိုင်း(အကျား)များကို တင်ပို့ခဲ့ပြီး ဧပြီ ၁၀ ရက်မှ စတင်၍ ကျောက်ဆည်နှင့် အုန်းချောနယ်များမှ ဝင်ရောက်လာသော သစ်သီးများကို မူဆယ်သစ်သီးဒိုင်များမှတစ်ဆင့် တရုတ်ပြည်သို့ တင်ပို့ရောင်းချခဲ့ကြောင်းသိရသည်။

အဆိုပါ သစ်သီးများကို တင်ပို့ရာတွင် စက္ကူပုံး တစ်ပုံးလျှင် ၁၅ ကီလိုဂရမ်ဖြင့် ထုပ်ပိုးမှုများ ပြုလုပ်တင်ပို့ကြောင်း သိရသည်။ သို့သော် သခွားမွှေးသီး၊ ဖရဲသီးနှင့် နာနတ်သီးများ တင်ပို့ရာတွင် ထုပ်ပိုးမှုများ မရှိကြောင်း သိရသည်။

(မာမာ)

ကျောက်ဆည်မြို့ ဝေဘူချောင်စက်ရေတွင်း အောင်မြင်စွာ တူးဖော်နိုင်

ကျောက်ဆည် မေ ၂၁

ကျောက်ဆည်မြို့နယ်ရှိ ဝေဘူတောင်တန်းသည် ကျောက်အတိပြီးသောကြောင့် ရေထွက်နိုင်စွမ်း နည်းပါး၍ ဝေဘူချောင်တွင် သီတင်းသုံးနေသော ရဟန်းသံဃာ၊ ယောဂီများနှင့် ဒေသခံများ နေ့စဉ်သောက်သုံးရေ အခက်အခဲရှိသဖြင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကူညီမှုဖြင့် ဝေဘူချောင် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ကျောက်ဆည်ခရိုင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးအောင်တို့က ဦးစီး၍ ၂၀၁၁ ခုနှစ် မေ ၁၄ ရက်မှ စတင်၍ မြေအောက်ရေဖြင့် စက်ရေတွင်းတူးဖော်ပေးနိုင်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

စက်ရေတွင်းသည် မြေအောက် ၃၆၅ ပေ အရောက်တွင် တစ်နာရီလျှင် ရေဂါလန် ၂၀၀၀ ထွက်ရှိပြီး ရေလုံလောက်စွာ ရရှိခဲ့သည်။ စက်ရေတွင်းမှ ရေများကို လျှပ်စစ် ရေမြှင့်ပန့်ဖြင့် ၎င်းရေတွင်းအနီး အမြင့် ၃၂ ပေရှိ ရေစင်တွင် ရေဂါလန် ၃၂၀၀ ဆံ့ ရေကန်ဖြင့် ဝေဘူချောင်ကျောင်းတိုက်များအား ရေပေးဝေခြင်း၊ ဝေဘူတောင်တန်း စိမ်းလန်းစိုပြည်ရန်နှင့် တောင်ပေါ်တွင် သောက်သုံးရေရရှိရန်အတွက် တောင်ပေါ်သို့ ရေရောက်အောင် ရေတင်ပိုက်လိုင်းသွယ်တန်း၍ ရေမောင်းနှင်နိုင်ခဲ့ပြီးဖြစ်သည်။ ဝေဘူချောင်စက်ရေတွင်း ဂါလန် ၃၂၀၀ဆံ့ ရေစင်၏ အောက်ခြေရှိ အုတ်ရေလှောင်ကန်ထဲသို့ နေ့စဉ်ရေများစုပ်ယူ၍ အဆိုပါဒေသရှိ ဒေသခံပြည်သူများအား အချိန်မရွေး ရေသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဤကဲ့သို့ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ လှူဒါန်းပေးသော အဆိုပါစက်ရေတွင်းကြောင့် ဒေသခံပြည်သူများ၏ နေ့စဉ်ကြုံတွေ့နေရသော ရေအခက်အခဲပြဿနာ ပြေလည်ရုံသာမက တောင်ပေါ်တွင် သီတင်းသုံးနေထိုင်လျက်ရှိသော သံဃာတော်များ၏ သောက်သုံးရေအခက်အခဲများလည်း ပြေလည်ခဲ့ကြောင်းသိရသည်။

(၅၄၃)

ပြည်တွင်းကားဈေးကွက်ကျ ဂျပန်လေလံကား ဈေးမြင့်

ရန်ကုန် မေ ၂၁

မကြာသေးမီကာလက ၂၀၀၇ မော်ဒယ်နှင့်အထက်ကားများ တစ်ဦးလျှင် တစ်စီးနှုန်းဖြင့် လွတ်လပ်စွာတင်သွင်းခွင့်ပြုလိုက်ရာမှ ပြည်တွင်းကားဈေးကွက် ဈေးနှုန်းများ ပြုတ်ကျသွားခဲ့ကြောင်း သိရသည်။ နိုင်ငံခြားကားဈေးမြင့်မားလျက်ရှိသောကြောင့် ပြည်တွင်း၌သာ အဝယ်ဖြစ်နေပြီး နိုင်ငံခြားငွေစာရင်းဘဏ်အကောင့် ရှိသူများမှာလည်း လက်ရှိအခြေအနေကို ကြည့်၍ အကောင့်ဖွင့်နေကြကာ အဝယ်နည်းနေကြသည်။ ဟံသာဝတီကားပွဲစားတန်းတွင် အရောင်းဖြစ်နေသောရွှေငါးကားအမျိုးအစားမှာ ၂၀၀၇ မော်ဒယ်နှင့်အထက်မရှိ၍ လက်ရှိတွင် စိတ်ဝင်စားမှုပိုများလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

ဂျပန်နိုင်ငံမှ လေလံစနစ်နှင့် ဝယ်ယူတင်သွင်းလာသောကားများမှာ ပြည်တွင်းကားဈေးနှုန်းများထက် မြင့်မားနေသဖြင့် အရှုံးပေါ်လျက်ရှိ သည်။ လက်ရှိပြည်တွင်းကားဈေးနှုန်းမှာ နှုန်းသတ်မှတ်ထားခြင်း မရှိဘဲ ကြိုက်ရောင်း ကြိုက်ဝယ် ရောင်းချလျက်ရှိပြီး အောက်ဈေးဖြင့် အမျိုးအစားအလိုက် ကျပ်သိန်း ၂၂၀ အခေါ်ရှိနေသည်။ ဗစ်တာကားအမျိုးအစားမှာ လူအကြိုက်အများဆုံးဖြစ်ပြီး Town Ace ကဲ့သို့သော စီးပွားသုံးကားများမှာ ဈေးနှုန်းမကျဘဲ ရှိနေသည်။ အိမ်သုံးကားများ ဈေးနှုန်းကျလျက်ရှိပြီး ပြည်ပကားဈေးကွက် မြင့်မားလျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရန်ကုန်ဆိပ်ကမ်းရောက်ကားဈေးနှုန်းအချို့မှာ တိုယိုတာ၊ Crown(2007)ကို အမေရိကန်ဒေါ်လာ ၂၅၀၀၀၊ တိုယိုတာ Mark x (2008) အမေရိကန်ဒေါ်လာ ၁၆၀၀၀ ၊ Corolla Frelder (2009) အမေရိကန်ဒေါ်လာ ၁၅၀၀၀ ၊ ဟွန်ဒါ Cross Road (2009) အမေရိကန် ဒေါ်လာ၂၆၀၀၀၊ Pajero (2007) အမေရိ ကန်ဒေါ်လာ ၂၅၀၀၀၊ တိုယိုတာ Alphard (2008) အမေရိကန် ဒေါ်လာ၂၀၀၀၀၊ တိုယိုတာ Hiace Van (2007) အမေရိကန် ဒေါ်လာ ၃၁၀၀၀ ခန့် စသည်ဖြင့် သတ်မှတ်ထားကြောင်း သိရသည်။

(အောင်ကျော်ဝင်း)

အရောင်းအဝယ်ဖြစ်သော အစေ့ထုတ်ပြောင်း

လားရှိုး မေ ၂၁

လားရှိုးမြို့ရှိ လားရှိုးကုန်စည်ဒိုင်သို့ မြို့နယ်အသီးသီးမှ အစေ့ထုတ်ပြောင်းများ ဝင်ရောက်လာခဲ့ရာ မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းဈေးနှုန်း အမျိုးမျိုးဖြစ်ပေါ်ခဲ့သည်။ ယနေ့ လားရှိုးကုန်စည်ဒိုင်သို့ ဝင်ရောက်လာသော အစေ့ထုတ်ပြောင်း တစ်ပိဿာဈေးနှုန်းမှာ ငွေကျပ် ၄၀၀၊ ကျောက်မဲအစေ့ထုတ်ပြောင်း တစ်ပိဿာ ငွေကျပ် ၃၈၀၊ သီပေါအစေ့ထုတ်ပြောင်း တစ်ပိဿာ ငွေကျပ် ၄၀၀၊ နောင်ချိုအစေ့ထုတ်ပြောင်း တစ်ပိဿာ ငွေကျပ် ၃၅၀၊ မူဆယ်အစေ့ထုတ်ပြောင်း တစ်ပိဿာ ငွေကျပ် ၄၆၀ နှင့် ရွှေလီအစေ့ထုတ်ပြောင်း တစ်ပိဿာ ၄၇၇ ကျပ်တို့ဖြင့် အသီးသီး အရောင်းအဝယ်ဖြစ်ခဲ့သည်။

(နိုင်လင်းကြည်)



အမြို့မြို့ အနယ်နယ် သတင်းများ

တန့်ယန်းမြို့နယ်၌ လျှပ်စစ်မီးလင်းရေးအတွက် ဆောင်ရွက်

တန့်ယန်း မေ ၂၁

တန့်ယန်းမြို့နယ်တွင် ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် လားရှိုး-မိုင်းရယ်-တန့်ယန်း ၆၆ ကေဗွီ မဟာဓာတ်အားလိုင်း စီမံကိန်းမှ မြို့တွင်းလိုင်းများ စတင်သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ လုပ်ငန်းများအနက်မှ ဓာတ်အားတိုင်များ စိုက်ထူခြင်းလုပ်ငန်း၊ ဓာတ်အားလိုင်းများ စတင်သွယ်တန်းခြင်းလုပ်ငန်းနှင့် ထရန်စဖော်မာများကို တပ်ဆင်ခြင်းလုပ်ငန်း၊ မြို့တွင်းလိုင်း ၁၁ ကေဗွီ နှစ်မိုင် သွယ်တန်းခြင်း၊ သုည ဒသမ ၄ ကေဗွီ နှစ်မိုင်သွယ်တန်းခြင်းလုပ်ငန်းနှင့် ၃၁၅ ကေဗွီအေ ထရန်စဖော်မာသုံးလုံး တပ်ဆင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

ယခု မြို့တွင်းလိုင်းများ တပ်ဆင်နေမှုမှာ လားရှိုး-မိုင်းရယ်-တန့်ယန်း ၆၆ ကေဗွီမဟာဓာတ်အားလိုင်း ရောက်ရှိလာပါက အချိန်နှင့်တစ်ပြေးညီ တပ်ဆင်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး လုပ်ငန်းပမာဏမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် လုပ်ငန်းအားလုံးပြီးစီးသွားပါက မီတာအလုံးရေ ၂၀၀၀ ခန့်ဖြင့် ပြည်သူများကို လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းမောင်က ပြောကြားခဲ့သည်။

(၆၅၅)

မပြောမပြီး မတီးမမြည်

ပုခက်လွှဲသော ပန်းပျိုးလက်များ

မျက်မှောက်ကာလ ပညာ့ခေတ်တွင် **"နည်းပညာစွမ်းပကား"** သည်သာ နိုင်ငံ၏ ဂုဏ်ရှိန်အနိမ့်အမြင့်ကို တိုင်းတာအဆုံးအဖြတ်ပြုသော **"မှတ်ကျောက်ရတနာ"** ဖြစ်လာခဲ့သည်။ ဆင်းရဲချမ်းသာမရွေး လူတစ်ဦး၊ လူတစ်စုမှသည် နိုင်ငံနှင့်အဝန်း ပညာ့အရေးဦးစားပေးလျက် ထိပ်ဆုံးမှာထားကာ စီမံဆောင်ရွက်လာကြသည်။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ မြင့်မားဖွံ့ဖြိုးမှုရှိလာနိုင်ရေး နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လာခြင်း၊ အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အရှိန်အဟုန်မြှင့်တင်လာခြင်း၊ ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးကာ အမျိုးသားပညာရည်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ စွမ်းအားပြည့် ဆောင်ရွက်လာနေသည်။ ဤအခြေအနေတွင် ပညာရေးရှေ့တန်းနယ်မြေမှ အမာခံအင်အားစုများဖြစ်ကြသည့် မိဘနှင့် ဆရာတို့၏ ပူးပေါင်းအားသည် အဓိကဖြစ်လာခဲ့သည်။ **မိဘဆရာပူးပေါင်း ကလေးပညာကောင်း** ဆောင်ပုဒ်နှင့်အညီ နှစ်ဦးနှစ်ဖက်အသိအမြင်ချင်းဖလှယ်ကာ ဆရာ့အသိနှင့် မိဘများ၊ မိဘမေတ္တာနှင့်ဆရာများ၊ တစ်နည်းအားဖြင့် **ပုခက်လွှဲသောပန်းပျိုးလက်များနှင့်ပန်းပျိုးတတ်သော ပုခက်လွှဲလက်ပိုင်ရှင်များ** ဖြစ်လာကြပြီဆိုလျှင် ယနေ့ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်လာမည်မှာ အမှန်ဖြစ်ပါသည်။

သားသမီးပညာရေးတွင် မိဘများ၏ ပံ့ပိုးမှုမှာ အံ့မခန်းလောက်အောင်ထိ လိုလေသေးမရှိ အင်တိုက်အားတိုက်ရှိလာနေသည်။ သို့သော် တချို့သော ရေစီးကမ်းပြိုစေတနာများကြောင့် ဦးတည်ချက်လွဲချော်ကာ **"ခုတ်ရာတခြား၊ ရှရာတလွဲ"** နှင့် အပေါ်သိကံဖြစ်နေကြရသည်။ ယနေ့ကလေးများသည် မူကြိုနှင့် သူငယ်တန်းမှစ၍ ကျူရှင်၊ ကျောင်း၊ စာကျက်ဝိုင်းများတွင် ကစားချိန်၊ နားချိန်မရှိ မရပ်မနားသင်ယူနေကြရသည်။ ပူပြင်းသော နွေရာသီကျောင်းပိတ်ရက်များသည်လည်း သူတို့လေးတွေနှင့် မသက်ဆိုင်သလို နောင်နှစ်သင်ခန်းစာများအတွက် နှစ်လပြတ်၊ သုံးလပြတ်နှင့် ရိုက်စားကျူရှင်တချို့၏ အခန်းကျဉ်းလေးထဲ ရောက်၍ နေကြရသည်။ သူတို့ဘဝမှာ စာသည် စိတ်၏အစာဖြစ်မလာဘဲ အဆိပ်အတောက်ပမာ အန္တရာယ်ဟုသာ ခံစားလာရသည်။ ဤသို့ဖြင့် အစဉ်ထာဝရ အေးမြပါသည်ဆိုသော မိဘများ၏**မေတ္တာရိပ်**သည် သူတို့လေးတွေဘဝမှာ **လောင်းရိပ်**ပမာ ဖြစ်လာခဲ့ရသည်။

ကလေးများသဘာဝ ပြေးကြ၊ ဆော့ကြ၊ ကစားကြနှင့် မျောက်ရှုံးလေးတွေ၊ မျောက်မူးလဲတွေ ဖြစ်နေလေလေ ကျန်းမာရေးကောင်းလေ၊ ဉာဏ်ထက်လေဖြစ်သည်။ "ကလေးဆော့ပါစေ၊ အဆော့သန်တဲ့ကလေး ဦးနှောက်ဖွံ့ဖြိုး ဉာဏ်ရည်ထက်မြက်တယ်" ဟူ၍ ငယ်ဆရာတစ်ဦး လမ်းညွှန်ပြောဖူးသည်။ ကလေးများဘဝမှာ "Work while you work, Play while you play." စာသင်ချိန် ကစားချိန်ရှိနေရပါမည်။ **"ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်"** အပိုဒ်(၃၁)တွင် **"ကလေးသူငယ်တိုင်း ကစားခုန်ကစားခြင်းနှင့် အားကစားပြုလုပ်ခြင်း၊ တေးဂီတတီးမှုတ်ခြင်းနှင့် ပြဇာတ်ကပြခြင်းတို့အားဖြင့် အနားယူအပန်းဖြေခွင့်ရှိသည်"** ဟု ဖော်ပြထားရာ မိဘတချို့၏ စေတနာလွန်ကဲလုပ်ဆောင်ချက်များသည် ကလေးများ၏ အခွင့်အရေးကို ဥပေက္ခာပြုထားသလိုဖြစ်နေသည်။ ဤသည်မှာ မိဘတချို့ ဆရာအသိမရှိမှု၏ ဆိုးကျိုးရလဒ်ဖြစ်သည်။

နိုင်ငံတကာကလေးများနေ့အထိမ်းအမှတ် ဆောင်ပုဒ်တစ်ခုဖြစ်သော **"ကလေးများ၏ နောင်ရေး မိဘတွေကို စာသင်ပေး"** ဟူသည်မှာ မှန်ကန်ကြောင်း လက်ရှိဖြစ်စဉ်များက သက်သေပြနေသည်။ မိဘတွေ ဆရာအသိ၊ ဆရာ့အမြင်၊ ကလေးများဆိုင်ရာ စိတ်ပညာကိုသိထားပါမှ သားသမီးများ ပညာရေးတွင် မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ. . . ကျင့်ဝတ်တွေနှင့် မှန်ကန်တိကျလမ်းမှန်ညွှန်ပြပံ့ပိုးပေးလာနိုင်မည်ဖြစ်သည်။

ဤကဲ့သို့ပင် ဆရာများနှလုံးအိမ်တွင်လည်း မိဘတို့၏ မေတ္တာဓာတ်ကိန်းအောင်းနေဖို့လိုအပ်ပါသည်။ မိဘမေတ္တာဟူသည်မှာ နှလုံးသားနှင့်ဆိုင်သော **အရှိတရား**ဖြစ်၍ ဆရာ့အတတ်ပညာကဲ့သို့ သင်ယူတတ်မြောက်အပ်သော **အသိတရား**မျိုးမဟုတ်ပါ။ အမေရိကန်ပြည်ထောင်စု ဘောလ်တီမိုးအရပ်ရှိ ကျောင်းတစ်ကျောင်းမှ ဆိုးသွမ်းလူငယ် ၂၀၀ ၏ အနာဂတ်ဘဝများလှပအောင် ပုံသွန်းထုဆစ်ပေးခဲ့သူ ဆရာမတစ်ဦး ထင်ရှားရှိခဲ့ဖူးသည်။ မည်ကဲ့သို့ သင်ကြားပြီး ပြုစုပျိုးထောင်ပေးခဲ့ပါသနည်း။ ဆရာမ၏အဖြေမှာ လိုရင်း တိုရှင်းရိုးစင်းလွန်းသည်။ "ကျွန်မ ကလေးတွေကိုချစ်တယ်" ဟူ၏။ ဆရာ့ဘဝ၊ ဆရာ့သိက္ခာ၏ အနှစ်စကားဖြစ်ပါသည်။

အခြေခံပညာကဏ္ဍတွင် ဤကဲ့သို့သော ဆရာမများသာ သီးသန့်တာဝန်ယူရမည့် အဆင့်နှစ်ဆင့် ရှိသည်။ ကျွမ်းကျင်လိမ္မာစွာ မကိုင်တွယ်နိုင်ပါက ပန်းကောင်းအညွှန့်ချိုးသလို သူတို့ဘဝလေးတွေ ညှိုးနွမ်းသွားစေနိုင်သည့် အန္တရာယ်အချိုးအကွေ့ဖြစ်ရာ ကျောင်းအုပ်တိုင်း အထူးသတိထားစီမံခန့်ခွဲလျက် ကိုယ်တိုင်လည်း မျက်ခြည်မပြတ်ကြပ်မတ်ပေးနေရမည့်နေရာများ ဖြစ်သည်။ ၎င်းတို့မှာ အိမ်မှကျောင်း၊ ဝန်းကျင်ဟောင်းမှ ဝန်းကျင်အသစ်သို့ ကူးပြောင်းစထိလွယ်၊ ရှလွယ်၊ ကွဲအက်လွယ်သော၊ အထိမခံရွှေပန်းကန်လေးများစုဝေးရာ **သူငယ်တန်း**နှင့် လူပျိုအပျိုဖော်ဝင်စ အပျံသင်စ စိတ်ကစားတတ်သည့်အရွယ် ဆူလွယ်၊ နပ်လွယ်နှင့် မနူးမနပ်ရှူးသွပ်တတ်ကြသော အရွယ်လေးများ ဆုံစည်းရာ အဋ္ဌမတန်း စာသင်ခန်းများဖြစ်ကြသည်။ အိုးဖုတ်သမားထုံး နှလုံးမူတတ်ကြသော ဆရာများနှင့် လုံးဝမသင့်လျော်သောနေရာများဖြစ်သည်။ စမ်းရေစီး၏ ရေစီးအားနှင့် ကျောက်တုံး၊ ကျောက်ခဲလေးများကို တေးဆိုရင်း အပြီးတိုင်ချောမွေ့စေမည့်သူ နှလုံးရည်သမား ပုခက်လွှဲသော ပန်းပျိုးလက်ပိုင်ရှင်များ၏ နေရာဌာနသာဖြစ်သည်။

နိဂုံးချုပ်ရပါလျှင် အမျိုးသားပညာရည်မြင့်မားရေးကဏ္ဍတွင် နိုင်ငံတော်မှ လိုအပ်သမျှပံ့ပိုးကူညီပေးလာနေသလို အောက်ခြေ၏ အမာခံအင်အားစုနှစ်ရပ်ဖြစ်သော ဆရာ၊ မိဘများ၏ တာဝန်နှင့် ဝတ္တရားပေါင်းစုအားဖြင့် တစ်နည်းပန်းပျိုးလက်နှင့် ပုခက်လွှဲသော ကရုဏာလက်တို့ ဟန်ချက်ညီညီ လက်တွဲလျက် အနာဂတ် မျိုးဆက်သစ်လေးများ ရေမြင့်ကြာနှယ် လောကလယ်မှာ ဝင့်ထည်လာနိုင်ရေး ဝိုင်းဝန်းပေးကြရမည် ဖြစ်ပါသတည်း။

အောင်ကျော်ညို(ဆင်ချဆိပ်)

☆ ရှေ့ဖုံးမှ

ဘဒ္ဒန္တ ဝိသုတထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာယူပြီး အမျှပေးဝေကာ ရေစက်ချမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ကြွရောက်လာသော ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် နံနက် ၈ နာရီတွင် ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာ၌ ကျင်းပသည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး၊ ကျောင်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝက်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံသစ်အား ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်၊ ရှေ့နေချုပ် (အငြိမ်းစား) ဦးအေးမောင်နှင့် မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုက်နယ်ဆေးရုံ ကမ္ပည်းမော်ကွန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းသည်။

ဆက်လက်၍ ဝက်ချောင်းကျေးရွာ(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖများကိုယ်စား အငြိမ်းစား ရှေ့နေချုပ် ဦးအေးမောင်က အမှာစကားပြောကြားသည်။

ထို့နောက် မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းအတွက် အလှူငွေကျပ် သိန်း ၄၃၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်က လက်ခံသည်။

ဆက်လက်ပြီး တိုက်နယ်ဆေးရုံဆေးပဒေသာပင်အတွက် အငြိမ်းစားရှေ့နေချုပ် ဦးအေးမောင်-ဒေါ်ခင်မြမြမိသားစုက အလှူငွေကျပ် ၁၂၈ သိန်း၊ မက်စ်မြန်မာကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်က အလှူငွေကျပ် သိန်း ၁၀၀၊ ဒေါ်အင်စိန်မိသားစုက အလှူငွေကျပ် သိန်း ၁၀၀၊ ဒေါ်မြကျင်မိသားစုက အလှူငွေကျပ် ၂၅ သိန်း၊ ဦးအောင်ပန်း-ဒေါ်ခင်စိန်မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးခင်မြ-ဒေါ်လှ မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးမောင်မောင်ထွန်းမိသားစုက အလှူငွေကျပ် လေးသိန်း၊ ဒေါ်ငွေရှင် မိသားစုက အလှူငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက လက်ခံသည်။

ယင်းနောက် ဝက်ချောင်းတိုက်နယ်ဆေးရုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင် မက်စ်မြန်မာကုမ္ပဏီ ဥက္ကဋ္ဌက ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ဝက်ချောင်းကျေးရွာမှ ဦးသောင်းမြင့်က ဆေးရုံဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဇင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဝက်ချောင်းကျေးရွာ တိုက်နယ်ဆေးရုံသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်းကျေးရွာရှိ မြေဧရိယာ ၅ ဒသမ ၄၆ ဧကပေါ်တွင် ကျန်းမာရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၂၇၀၀၊ မက်စ်မြန်မာကုမ္ပဏီမှ လှူဒါန်းငွေကျပ် သိန်း ၄၃၀၀ ဖြင့် တည်ဆောက်ထားကြောင်း၊ ဆေးရုံတွင် သံကူကွန်ကရစ် တစ်ထပ်ဆောင်များဖြင့် တည်ဆောက်ထားပြီး (၁၂၈ × ၁၁၆ × ၁၂) ပေရှိ ဆေးရုံပင်မဆောင် တစ်ဆောင်၊ (၄၁ × ၃၀ × ၁၂) ပေရှိ (၆) ခုတင်ဆံ့ သံဃာဆောင် တစ်ဆောင်၊ (၄၂ × ၃၄ × ၁၂) ပေရှိ ဆရာဝန်နေအိမ် တစ်လုံး၊ (၁၆၀ × ၃၃ × ၁၂) ပေရှိ ရှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံး၊ (၆၀ × ၃၅ × ၁၂) ပေရှိ ငါးခန်းတွဲ ဝန်ထမ်းအိမ်ရာတစ်လုံးတို့ပါရှိကြောင်း သိရသည်။

အဆိုပါဝက်ချောင်းကျေးရွာသည် ကျောင်းကုန်းမြို့မှ ၁၀ မိုင်၊ ကျုံပျော်မြို့သို့ ၁၄ မိုင်ခန့်ကွာဝေးပြီး မိုးရာသီတွင် ရေလမ်းခရီးကိုသာ အားထားရသဖြင့် ဒေသရှိပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများရှိခဲ့ကြောင်း၊ ယခုကဲ့သို့ တိုက်နယ်ဆေးရုံဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဝက်ချောင်း၊ အစုကြီး၊ ပေါက်ဆိန်ဖက်၊ ရွာသာကုန်းစသည့် ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာ ၅၆ ရွာနေ ကျေးလက်ပြည်သူ ၃၄၀၇၇ ဦးအတွက်သာမက ကျုံပျော်မြို့နယ်အတွင်းရှိ သဖန်းချောင်း၊ မိုးကြိုးပစ်၊ ခနော်၊ အိုင်မအစရှိသည့် ကျေးရွာအုပ်စု ငါးအုပ်စု၊ ကျေးရွာခွဲ ၄၉ ရွာနေ ကျေးလက်ပြည်သူ ၈၁၃၈၇ ဦးအတွက် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

○ မြန်မာပြည်သူလူထုမှ

ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ဌာနအနေဖြင့် အခြေအနေအရ လုပ်သင့်လုပ်ထိုက်သည့်လုပ်ငန်းများကို အချင်းချင်းတိုင်ပင် ညှိနှိုင်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

အခမ်းအနားတွင် Bone Marrow Transplant Center ဖွဲ့စည်းရေးနှင့် Bone Marrow Transplant ကုသမှု ဆောင်ရွက်ရေး ကြိုးပမ်းမှု နောက်ခံသမိုင်းကြောင်းကို ပါမောက္ခ ဒေါက်တာ ရဲမြ (Professor Dr. Rai Mra) က ရှင်းလင်းပြောကြားပြီး Bone Marrow Transplant Center ဖွဲ့စည်းရေးနှင့် Bone Marrow Transplant ကုသမှု ဆောင်ရွက်ရေး ကြိုးပမ်းမှု လက်ရှိအခြေအနေကို ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာနေဝင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ကလေးဆေးရုံကြီး မွေးကင်းစဆောင် အထူးကြပ်မတ်ခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသော ပြည်မြို့ ပေါက်ခေါင်းမြို့နယ် ကျင်ပင်စံကျေးရွာမှ (ဖခင်) ဦးခင်ဝင်း - (မိခင်) ဒေါ်ချိုချိုဝင်းတို့၏ ရင်ချင်းဆက်သမီး ဘေဘီချိုချိုဝင်း၏ ကျန်းမာရေးအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်နှင့် ပါမောက္ခ/ဌာနမှူးများက ဆေးကုသပေးမှု အခြေအနေကို ရှင်းလင်းတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကိုဆောင်ရွက်ရန် တာဝန်ရှိသူများအား ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် ရန်ကင်းကလေးဆေးရုံကြီးသို့သွားရောက်၍ ကလေးဆေးကုသဆောင်များ စီမံခန့်ခွဲထားရှိမှု၊ ဆေးရုံသုံးပစ္စည်းကိရိယာများ ဖြည့်ဆည်းထားရှိမှုနှင့် ဆေးကုသဆောင်များ လျှာထားသတ်မှတ်ချက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ ဧည့်သည်အဖွဲ့များတွေ့

နေပြည်တော် မေ ၂၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဂျပန်နိုင်ငံ Sumitomo Mitsui Banking Corporation ၏ Deputy President Mr. Hiroshi Minoura နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များ၊ နည်းပညာအကူအညီပေးရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံဘဏ်များအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။ **(ယာပုံ)**

အလားတူ ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံ Stock Exchange of Thailand (SET) မှ President Mr. Charamporn Jotikasthira နှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူ ပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံ Stock Exchange of Thailand (SET) နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဈေးကွက်နှင့် အရင်းအနှီးဈေးကွက်များ ဖြစ်ထွန်းပေါ်ပေါက်လာရေး ကြိုးပမ်းဆောင်ရွက်နေမှုများ၊ လိုအပ်သည့်နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးသည်။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး လူကူးကြိုးတံတားဖွင့်

နေပြည်တော် မေ ၂၁

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အုန်းထွဲကျေးရွာနှင့် ကွမ်းဇဲကျေးရွာတို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် ငွေကျပ်သိန်း တစ်ရာကျော်တန် သံသေချောင်းကူး ကိုယ့်အားကိုယ်ကိုး စေတနာလူကူးကြိုးတံတားဖွင့်ပွဲကို မေ ၁၇ ရက်တွင် အဆိုပါတံတား အုန်းထွဲကျေးရွာဘက်ကမ်း၌ကျင်းပရာ ထီးလင်းမြို့နယ် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆွေတို့က တက်ရောက်လာကြသည့် ပြည်သူများနှင့်အတူ အဆိုပါကြိုးတံတားကို ဖြတ်သန်း၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါကြိုးတံတားမှာ အလျားပေ ၂၃၀၊ အကျယ်သုံးပေနှင့် အမြင့်ပေ ၄၀ ရှိပြီး ဟုမ္မလင်းမြို့နယ် နမ်တောကျေးရွာနေ ဦးစံဝင်းနှင့် ဒေါ်စန်းထွေး မိသားစု၏ ငွေကျပ် သိန်း ၄၀ မတည်လှူဒါန်းငွေနှင့် ဒေသခံ စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ၊ လုပ်အားဒါနများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကာ အနီးပတ်ဝန်းကျင် ကျေးရွာမှ ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့သွားကြောင်း သိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၅-၂၀၁၂ (အင်္ဂါနေ့)

၅း၄၀	"ငါးစာသာမြင်နေကြသည်" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)	၈း၃၀	**မြန်မာရုပ်သံဇာတ်လမ်းတွဲ** The Sign of Love (အချစ်သင်္ကေတ) (အပိုင်း-၈)
၁၀း၅၀	ရန်ကုန်မြင်ကွင်းကျယ် [ဒေါက်တာကြည်စိုး (၆)နှစ်ပြည့်ဆွမ်းကျွေးအလှူတော်]	၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၄၄)**
၁၂း၄၀	အံ့ဖွယ်ထူးခြား အင်းလေးဒေသဆီမှ ရှေးဟောင်းဘုရားများ	၁၀း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး" (အပိုင်း-၃၀)**	၁၀း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ" (အပိုင်း-၁၆)**
၇း၃၀	တရုတ်-မြန်မာဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးညပဒေသာကပွဲ အစီအစဉ် (အပိုင်း-၂)	၁၁း၄၅	ဘဝရဲ့ချောက်ကမ်းပါးစွန်း (ပြန်ရည်ကြောကလင်းကင်ဆာနှင့် အစာဟောင်းအိမ်ကင်ဆာ)

စိုက်ကြဦးမလား ရေနဲပင်

သတင်းမှတ်စု

ကိုငြိမ်း(တောင်သာ)

ငါးအိုးရွာဆိုတာ မန္တလေး-ဗန်းမော် ကားလမ်းအပိုင်း ရွှေလီမြစ်မြောက်ဘက်ကမ်းမှာရှိပါတယ်။ ရွှေလီမြစ်ကူးတံတားကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က တည်ဆောက်ပြီးစီးသွားတာကြောင့် အလျင်အမြန် တိုးတက်လာရာ မြို့လောက်နီးပါး စည်ကားနေတဲ့ အချက်အချာကျတဲ့ နေရာတစ်နေရာဖြစ်ပါတယ်။

ထိုဒေသတွင် အင်းတော်ကြီးလိုနာမည်ကြီးတဲ့ အင်းကြီးရွာရှိပါတယ်။ ရွှေလီမြစ်ကြောင်းပြောင်းပြီး မြစ်ကျိုးအင်းကြီးတစ်ခုလည်း ရှိပါတယ်။ အင်းအကျယ်ကိုတော့ အတိအကျတော့မသိရပါ။ အလျားရှည်ပြီး အထက်အင်း၊ အောက်အင်းပေါင်းရင် ဧက ၇၀၊ ၁၀၀ ခန့်ရှိနိုင်မယ်လို့သိရပြီး ကျွန်တော် စိတ်ဝင်စားတဲ့ ရေနဲပင်ရှိရာကို သွားခဲ့ပါတယ်။ ရေနုတ်မြောင်းက ၁၀ ပေကျယ်ပြီး ပေ ၅၀၀၀ ကျော် ရှည်ပါတယ်။ အင်းထဲကရေတွေ ရွှေလီမြစ်ထဲကို ဖောက်ထုတ်ဖို့ လူထုအားနဲ့လုပ်ခဲ့ရတဲ့ရေနုတ်မြောင်း ဖြစ်ပါတယ်။ နှစ်တိုင်းနှစ်တိုင်း ဒီလိုရေနုတ်မြောင်းအမြဲတူးရမယ့်အခြေအနေမှာ ရှိနေလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ တကယ်တော့ အင်းကရွှေလီမြစ်ရဲ့ မြစ်ကျိုးအင်းတစ်ခုဖြစ်နေတာမို့ မိုးရာသီမှာ ရေဝပ်နေဦးမှာ ဖြစ်သလို ရေနုတ်မြောင်းတွေလည်း မြေပြန့်ပို့သွားဦးမှာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး ရေနဲပင်တွေ ပွားလာလိုက်တာ အခုလိုကျယ်ပြန့်လာတဲ့ အခြေအနေထိ ဖြစ်သွားတာလို့ သိရတယ်။ အပင်တော်တော်များများ လယ်ကွင်းတွေထဲအထိ ပေါက်နေတာတွေ့ရတယ်။ ရေနဲပင်တွေ တော်တော်လေး နယ်ချဲ့နေတာကို အထင်အရှားတွေ့နေရတယ်။ ဒီအပင်တွေကို ကျွန်တော်တို့ မိုးနည်းရေရှား၊ အပူပိုင်း စိမ်းလန်းစိုပြည်ရေး လိုအပ်နေတဲ့ ဒေသမှာ စိုက်လို့ရရင် မကောင်းဘူးလား။ စိုက်လို့ ရှင်သန်ပွားများနိုင်မလား။ ရှင်သန်နိုင်တယ်ဆိုရင် ခေါနုစုမ်(နတ်မတောင်) က ဆင်းလာတဲ့ ယောချောင်း၊ ဆောချောင်း၊ လောင်းရှည် ချောင်းကမ်းပါးတွေမှာစိုက်ရင် ကမ်းပြိုတာကို

ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ရွှေတူးကြလို့ ချိုင့်ခွက်တွေ၊ ကျင်းတွေ ဖြစ်ကျန်ရစ်ခဲ့တဲ့ဥရုမြစ်ဘေးဝဲ၊ ယာ နေရာတွေမှာစိုက်ရရင်ကောင်းမလား။ အနိမ့်ဆုံးပြောရရင် လောင်စာရှားနယ်မြေတွေ၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေနံပိုက်လိုင်း ဖြတ်သန်းသွားပြီး ပဲစင်းငုံပင် အရိုးကို ထမင်းဟင်းချက်နေရတဲ့ ကျွန်တော်တို့ အလယ်ပိုင်းဒေသခံတွေနေတဲ့ ရေစပ်စပ်ချောင်းနံဘေးမှာ ထင်းအတွက် အဓိကထား စိုက်မယ်ဆို စိုက်နိုင်တယ်မဟုတ်လား။ ဓာတ်ငွေ့ပိုက်လိုင်းကပေးမယ့် ဓာတ်ငွေ့ရည်က လောလောဆယ်ပေးနိုင်ပုံမပေါ်သေးတော့ ရေနဲထင်းတွေ သုံးပြီး အရင်ဖြေရှင်းနိုင်တာပေါ့ဗျာ။

တစ်ပင်နှစ်ပင်လောက် ရှင်ရင်ပဲ နောက် သုံး၊ လေးနှစ်ဆိုရင် မျိုးရနိုင်ပြီဖြစ်လို့ ပြန့်ပွားနိုင်ပါတယ်။ မန္တလေး ရတနာပုံဥယျာဉ်မှာ စိုက်ဖို့အတွက် ကျွန်တော်တို့ တစ်တွေ အသီးတွေစုဆောင်းခဲ့ပြီး အင်းရဲ့ အနောက်မြောက်မှာ ရှိနေတဲ့ တောင်ကမူလေးပေါ်ကနေပြီး အင်းရဲ့အကျယ်ကို ကြည့်ခဲ့တယ်။ တစ်မျှော်တစ်ခေါ်ကြီးပဲ ကျယ်ပါတယ်။ အင်းကြီးရွာအနောက်ဘက်က အင်းထဲမှာတော့ အုပ်အုပ်ဆိုင်းဆိုင်း ထူထူထဲထဲပေါက်နေတဲ့ ရေနဲပင်တွေကို မြင်နေရပါတယ်။ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ချင်းတွင်းမြစ်၊ ရွှေလီမြစ်ကမ်းဘေးတွေမှာ သူ့ဘာသာသူ အလေ့ကျပေါက်ပြီး အုပ်စုလိုက်ရှင်သန်ကြီးထွားနေတဲ့ မအူပင် (လက်တံတို၊ လက်တံရှည်) တွေလိုပဲ ရေနဲပင်တွေကလည်း သူ့ဘာသာသူ ရှင်သန်နိုင်တဲ့အပင်အမျိုးအစား ဖြစ်တာမို့ အပူပိုင်းဇုန် မန္တလေးတိုင်းဒေသကြီးထဲက ပလိပ်အင်း၊ နွားထိုးကြီးနဲ့ မြစ်သားကြားက ပန်းလောင်မြစ်ကမ်းဘေးနဲ့ ရစ်ကံရွာတောင်ဘက်က အင်းကြီးတစ်ဝိုက်၊ လောကနန္ဒာဘေးမဲ့တောထဲက တောင်အင်း၊ မင်းစုံတောင်ဘေးမဲ့တောထဲက ရေကန်နံဘေးနဲ့ ဧရာဝတီမြစ်ကမ်းနံဘေး၊ ကြက်မောက်တောင်ဆည်ရဲ့ ရေဝေရေလဲဖြစ်တဲ့ ပုပ္ပားတောင်ဥယျာဉ်ထဲက ရေဆူနေရာတစ်ဝိုက်မှာစိုက်ရင် ဖြစ်နိုင်စရာရှိမယ်လို့ ကျွန်တော်ထင်မိတယ်။ စမ်းသပ်စိုက်ကြည့်ရရင်ကောင်းမလား။ ကိုင်းထိုးပြီးစိုက်ရင် ရှင်သန်နိုင်လောက်မယ့် အမျိုးအစားလို့လည်း ထင်တယ်။ ရန်ကုန် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ရုံးရောက်တော့မှ ကျွန်တော်တို့ လုပ်ဖော်ကိုင်ဖက်တွေကို မေးရင်း သစ်တောစာအုပ်မှာ ရှာတော့မှ ရေနဲပင်ဆိုတာ မိုးမခပင်လို့လည်း ခေါ်ကြောင်း သိလိုက်ရတယ်။ ကျွန်တော် သိခဲ့၊ မြင်ခဲ့တဲ့ရေနဲပင်(သို့) မိုးမခပင်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့နဲ့ ဆက်နွယ်လုပ်ကိုင်နေတဲ့ ဒီရေတောအဖွဲ့အချို့ကိုလည်း လက်တို့ပြောထားဖြစ်ပါတယ်။ သိပ္ပံအမည်က Salix tetrasperma (Moemakha) ဖြစ်ပါတယ်။

ရေနဲထမ်းပိုး မြက်ဘွဲ့ကြိုးနဲ့ မယင်းကောက်ရိုးဆွေးလေးစားပြီး တစ်ချီတမောင်း ရုန်းလိုက်ချင်စမ်းပဆိုတဲ့ ကျွန်တော့်မိတ်ဆွေကြီး ကိုကံလှရွှတ်တဲ့ ကဗျာလိုလို စာချိုးလိုလိုကို သတိရနေရင်း ရေနဲပင်များဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကဏ္ဍနယ်ပယ်စုံအတွက် များစွာ တစ်ထောင့်တစ်နေရာက အထောက်အကူပြုနိုင်ကြောင်း ရေးသားလိုက်ရပါတယ်။ ။

✳ ၂၀၁၂ ခုနှစ်မှ

၎င်း၏ Rolling in the Deep တေးသီချင်းနှင့် ၂၁ တေးအယ်လ်ဘမ်တို့ဖြင့် ဆုအမျိုးအစား ၁၂ ဆု ဆွတ်ခူးရရှိသွားပြီး ဂီတသမိုင်းတွင် မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့ပြီဖြစ်သည်။

အဒီးလ်၏ နောက် ဒုတိယဆုအများဆုံးရရှိခဲ့သည့် တေးဂီတအဖွဲ့မှာ LMFAO ဖြစ်သည်။ LMFAO က ၎င်းတို့၏ Party Rock Anthem တေးသီချင်းဖြင့် ဆုငါးဆုရရှိခဲ့ပြီး အကောင်းဆုံးတေးဂီတအဖွဲ့ဆုအပါအဝင် ဆုခြောက်ဆု ဆွတ်ခူးရရှိသွားသည်။

အခြားဆုများအနေဖြင့် ကနေဒါပေါ့ပ်စတားဆယ်ကျော်သက်တို့၏ အသည်းစွဲ အဆိုတော် ဂျက်စတင်ဘီဘာက တစ်နှစ်တာ အကောင်းဆုံး လူမှုအနုပညာရှင်ဆု၊ ကျေးလက်သီချင်းအဆိုတော် တေလာဆွတ်ဖ်က တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးအဆိုတော်ဆု၊ ကိုလံဘီယာ စူပါစတား ရှာကီရာက အကောင်းဆုံး လက်တင်အဆိုတော်ဆု၊ လီလ်ဝိန်းက အကောင်းဆုံးအမျိုးသား အဆိုတော်ဆုနှင့် လေဒီဂါဂါက အကအကောင်းဆုံး အဆိုတော်ဆုများ ဆွတ်ခူးရရှိသွားသည်။

အင်တာနက်။

❑ အာတိတ်ဒေသမှ

ပြန်လည်မြင့်တက်လျက်ရှိသည်။ ဖန်လုံအိမ်ဓာတ်ငွေ့အရင်းအမြစ်များ ကမ္ဘာတစ်ခွင်၌ အပြောက်အမြားရှိရာတွင် အချို့မှာ သဘာဝအလျောက်ဖြစ်ပြီး အချို့မှာ လူတို့ ပယောဂကြောင့် ဖြစ်သည်။ အမှိုက်သရိုက်စွန့်ပစ်သည့်နေရာများနှင့် မွေးမြူရေးခြံများသည် ကာဗွန်နှင့် မီသိန်းထုတ်လွှတ်သည့် လူလုပ်အရင်းအမြစ်များဖြစ်ကြသည်။

ယင်းကဲ့သို့ မီသိန်းထုတ်လွှတ်ရာ အမျိုးမျိုးအပြားပြားသော ရင်းမြစ်များကို ခြေရာခံကြည့်ရှုရန် လွယ်ကူခြင်းမရှိသော်လည်း အလာစကာတက္ကသိုလ်မှ ကတ်တေဝေါ်လ်တာ အန်သိုနီဦးဆောင်သည့် "အာတိတ်စီမံကိန်းသစ်" မှ သုတေသီများကမူ မီသိန်းမော်လီကျူးများအတွင်းရှိ ကာဗွန်အိုင်ဆိုတုတ်များ၏ ခြားနားသော အချိုးအစားကို တွက်ချက်ကာ ကာလရှည်စွာ ခိုအောင်းနေခဲ့သည့် ဓာတ်ငွေ့များကို အတည်ပြုနိုင်ခဲ့ကြသည်။

ကောင်းကင်နှင့် မြေပြင်အခြေစိုက်စခန်းများမှ တိုင်းတာချက်များကို အသုံးပြု၍ အလာစကာနှင့် ဂရင်းလန်းဒေသရှိ ရေခဲပြင်များ၏ အနားစပ်တစ်လျှောက် ရေအိုင်များအတွင်း မီသိန်းဓာတ်ငွေ့ယိုစိမ့်ထွက်ရာနေရာပေါင်း ၁၅၀၀၀၀ ခန့်ကို သိပ္ပံပညာရှင်အဖွဲ့က အတည်ပြုနိုင်ခဲ့သည်။

"အာတိတ်ဒေသဟာ ကမ္ဘာပေါ်မှာ အလျင်မြန်ဆုံးနွေးနဲ့ ပူနွေးနေတဲ့ ဒေသဖြစ်ပါတယ်။ မီသိန်းဓာတ်ငွေ့သိုက် အပြောက်အမြားရှိပြီး အပူချိန်ပိုမိုမြင့်မားလာမယ့် ဒေသလည်းဖြစ်ပါတယ်" ဟု အာတိတ်မီသိန်းသုတေသနလုပ်ငန်း၌ ပါဝင်သူ လန်ဒန်တက္ကသိုလ်မှ ပါမောက္ခ အီယွမ်နက်စ်ဘက်က ပြောကြားသည်။ **အင်တာနက်။**

❖ Big Bang မှ

ကမ္ဘာလှည့်ဖျော်ဖြေရေးခရီးစဉ်တွင် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ပါဝင်မည်ဖြစ်သော်လည်း နေ့ရက်များ မသတ်မှတ်ရသေးကြောင်း၊ ၎င်းတို့အဖွဲ့၏ ယခုနှစ်ဖျော်ဖြေရေးခရီးစဉ်ကို လွန်ခဲ့သည့် မတ် ၂ ရက်ကစတင်ခဲ့ပြီး ယခုအခါ ဂျပန်နိုင်ငံတွင် ဖျော်ဖြေလျက်ရှိသည်။

Big Bang တေးဂီတအဖွဲ့၏ ယခုနှစ်ဖျော်ဖြေရေးခရီးစဉ်တွင် ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်ဝမ်တို့အပါအဝင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ မြို့ကြီး ၂၅ မြို့တို့တွင် လှည့်လည်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

Big Bang တေးဂီတအဖွဲ့ဝင်များ ဖြစ်ကြသည့် ဂျီ-ဒွါဂွန်၊ တီအိုပီ၊ တေယောင်း၊ ဒေဆောင်နှင့် ဆန်ဂရီတို့သည် မကြာသေးမီက ၎င်းတို့အဖွဲ့၏ ပဉ္စမမြောက် မီနီအယ်လ်ဘမ် ALIVE ကို အရောင်းမြှင့်တင်ရေးပြုလုပ်ခဲ့ပြီး ယခုအခါ ပြည်ပဖျော်ဖြေရေးခရီးစဉ်များအတွက် ပြင်ဆင်လှုပ်ရှားလျက်ရှိသည်။ **အင်တာနက်။**

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

▲ ပြည်သူလူထုမှ

အများပြည်သူ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများအားလုံးကို လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

သို့သော်လည်း နွေရာသီကာလတွင် ပူပြင်းသော ရာသီဥတုကြောင့် ဒေသအသီးသီးတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် မိုးတွင်းကာလထက် ပိုမိုများပြားလျက်ရှိရာ အများဆုံးသုံးစွဲမှုမှာ ၁၈၅၀ မဂ္ဂါဝပ်အထိရှိပြီး နွေရာသီကာလတွင် အများဆုံးထုတ်လုပ်နိုင်သည့် ၁၃၄၀ မဂ္ဂါဝပ်ထက် များပြားနေသဖြင့် အများပြည်သူနှင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများအား ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခြင်းမရှိတော့၍ အများပြည်သူများအား သုံးအုပ်စုခွဲကာ အုပ်စုလိုက် အလှည့်ကျဓာတ်အားပေးခြင်းကို ဆောင်ရွက်ခဲ့ရပါသည်။

ထိုကဲ့သို့ ဆောင်ရွက်နေစဉ် ၁၉-၅-၂၀၁၂ ရက်နေ့တွင် ရွှေလီ-မန်စံ ၂၃၀ ကေဗွီဓာတ်အားလိုင်း၏ တိုင်အမှတ် (၇၃၊ ၂၀၆၊ ၂၀၇ နှင့် ၂၀၈)တိုင် လေးတိုင်တို့မှာ မိုင်းခွဲအချိုးခံခဲ့ရပါသည်။ အဆိုပါဓာတ်အားလိုင်း မိုင်းခွဲခံရခြင်းကြောင့် ရွှေလီဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်နေသော ဓာတ်အားပမာဏ ၂၀၀ မဂ္ဂါဝပ်မှာ လျော့နည်းဆုံးရှုံးခဲ့ရပါသည်။

အဆိုပါဓာတ်အားပမာဏ ၂၀၀ မဂ္ဂါဝပ်ခန့် လျော့နည်းသွားသဖြင့် နိုင်ငံအတွင်း ဓာတ်အားပေးနိုင်မှုမှာ ၁၁၀၀ မဂ္ဂါဝပ်ခန့်သာ ကျန်ရှိတော့သည့်အတွက် နိုင်ငံပိုင် သံမဏိစက်ရုံများ၊ ဘိလပ်မြေစက်ရုံများ၊ ဓာတ်မြေသြဇာစက်ရုံများ၊ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ၏ ဓာတ်အားသုံးစွဲမှု ၅၀၀ မဂ္ဂါဝပ်ခန့်ကို ဓာတ်အားဖြတ်တောက်ထားပြီး အများပြည်သူကိုသာ ဦးစားပေး၍ ဓာတ်အားပေးလျက်ရှိပါသည်။

နွေရာသီ၌ ဓာတ်အားလုံလောက်စေရေးအတွက် ရေတိုစီမံချက်အဖြစ် ဓာတ်အားပေးစက်များ တည်ဆောက်နိုင်ရန် အမေရိကန်နိုင်ငံမှ General Electric ကုမ္ပဏီ၊ Caterpillar ကုမ္ပဏီတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ရေရှည်စီမံချက်အနေဖြင့် ရန်ကုန်မြို့အနီး၌ ဂျပန်နိုင်ငံ J-Power ကုမ္ပဏီနှင့် ဖက်စပ်ပြုလုပ်၍ ၆၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ BKB ကုမ္ပဏီနှင့် ပူးပေါင်း၍ ၅၀၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို လည်းကောင်း တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပြည်တွင်း ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်လျက်ရှိပါသည်။

ဤနွေရာသီ၌ ဓာတ်အားထုတ်လုပ်နိုင်မှု လျော့နည်းနေခြင်းကြောင့် ပြည်သူလူထုအား အုပ်စုသုံးစုခွဲ၍ အလှည့်ကျ ဓာတ်အားမျှဝေပေးနေရသော အခြေအနေကို နားလည်ပေးပါရန်နှင့် ပြည်သူအားလုံး လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲခြင်းဖြင့် ပူးပေါင်းပါဝင်ပေးပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အမေရိကန် - အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၁

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ Ms. Frances A. Zwenig ဦးဆောင်သောအဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာအခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကျော်မြတ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

KIA လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းမှ တာဝါတိုင် အမှတ် (၂၀၇) ကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများ ပြင်ဆင်ဆောင်ရွက်နေကြစဉ်။ (သတင်းစဉ်)

KIA လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်များအား အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ပြင်ဆင်လျက်ရှိ

နေပြည်တော် မေ ၂၁

မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် KIA လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ်(၇၃)၊ (၂၀၆)၊ (၂၀၇)၊ (၂၀၈) တို့ ချွတ်ယွင်းပျက်စီးသွားခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု ပိုမိုလျော့နည်းသွားရာ ပြည်သူများ လျှပ်စစ်မီးပိုမိုပြတ်တောက်ခြင်း၊ ရေတင်စက်များအသုံးပြုရန် ခက်ခဲခြင်းများ ကြုံတွေ့ခဲ့ကြသည်။

အဆိုပါ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် ဓာတ်အားအမြန်ပြန်လည်ပို့လွှတ်နိုင်ရန် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တာဝန်ရှိသူများက နေ့ရောညပါ အပူတပြင်း ပြင်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

KIA လက်နက်ကိုင်အဖွဲ့က ဗုံးခွဲဖျက်ဆီးခဲ့သည့် ယာဉ်အမှတ် (၈ဈ/၇၈၈၀) အား တွေ့ရစဉ်။ (သတင်းစဉ်)

KIA လက်နက်ကိုင်အဖွဲ့က ကုန်တင်ယာဉ်နှစ်စီးအား ဆက်ကြေးတောင်းခံပြီး ဗုံးခွဲဖျက်ဆီး

နေပြည်တော် မေ ၂၁

မေ ၁၉ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် မူဆယ်မြို့နယ် နန့်ပေါ်တံတားနှင့် နမ့်အွန်ရွာအကြား ထင်းရှူးတောအနီး မူဆယ်-လားရှိုး ပြည်ထောင်စုလမ်းမကြီးပေါ်၌ မူဆယ်မှ လားရှိုးသို့ ယာဉ်မောင်း သောင်းထွေးနှင့် ယာဉ်မောင်း အောင်နိုင်တို့ မောင်းနှင်လာသော ခြောက်ဘီး ကုန်တင်ယာဉ်နှစ်စီးအား ယူနီဖောင်းဝတ်ဆင်ထားသည့် KIA လက်နက်ကိုင်အဖွဲ့ ခုနစ်ဦးခန့်မှ လက်နက်ငယ်များဖြင့် ပစ်ခတ်တားဆီးကာ ရပ်တန့်စေခဲ့ပြီး သောင်းထွေးထံမှ ဆက်ကြေးငွေကျပ် ၈၀၀၀၀ ကို ရယူခဲ့ကြောင်း၊ ယင်းနောက် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း လေးဦးကို ထွက်ပြေးစေခဲ့ပြီး ယာဉ်နှစ်စီး၏ ယာဉ်မောင်းခန်းများအတွင်းသို့ လက်ပစ်ဗုံးတစ်လုံးစီဖြင့် ပစ်ခွဲခဲ့ကြောင်း။

ထိုသို့ ဗုံးခွဲဖျက်ဆီးမှုကြောင့် ယာဉ်အမှတ်(၈ဈ/၇၈၇၆)၏ ခေါင်းပိုင်းဝဲဘက်ခြမ်းပျက်စီးခဲ့ပြီး ယာဉ်အမှတ်(၈ဈ/၇၈၈၀)၏ ခေါင်းပိုင်းပျက်စီးခြင်း၊ ဘေးနှစ်ဖက်တံခါးမှန်ကွဲခြင်းနှင့် ကားရှေ့လေကာမှန်တွင် လက်နက်ငယ်ကျည်များ ထိမှန်ခြင်းတို့ ဖြစ်ပေါ်ခဲ့ကာ လူထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ အခင်းဖြစ်ပွားရာနေရာမှ အရှည်နှစ်လက်မခွဲ၊ အချင်းတစ်လက်မခွဲခန့်ရှိ သံကိုယ်ထည်တွင် အရှည် ငါးလက်မခန့် သစ်သားလက်ကိုင်တပ် KRL 68 စာတန်းပါ မပေါက်ကွဲသေးသည့် လက်ပစ်ဗုံးတစ်လုံးအား တွေ့ရှိခဲ့ရကြောင်းနှင့် ပျက်စီးသွားသည့် မော်တော်ယာဉ် နှစ်စီးအနက် တစ်စီးအား ရွှေ့ပြောင်းနိုင်ခဲ့ပြီး မေ ၂၀ ရက် နံနက်အစောပိုင်းမှစ၍ အဆိုပါ လမ်းပေါ်တွင် ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြေးမုံသတင်းဓာတ်ပုံမြင်ကွင်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း မီးပွိုင့်ထောင့်တွင် စည်းကမ်းမဲ့မော်တော်ယာဉ်များ ရပ်ထား၍ လမ်းပိတ်ဆို့မှုလည်း ကြုံ. . .။

မေ ၁၉ ရက်က မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်ရှိ လူကူးမျဉ်းကျားတွင် မီးစိမ်းနေသောအချိန် ပြည်သူများက စည်းကမ်းတကျ လမ်းဖြတ်ကူးကြသော်လည်း ကားများက ရပ်မပေးသဖြင့် ခရီးသွားများ အခက်တွေ့. . .။

"အချိန်လေးတော့ မှန်စေချင်"

မိမိသည် ဒလဆိပ်ကမ်းမှ ပန်းဆိုးတန်းဆိပ်ကမ်း၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ နေ့စဉ်ပြေးဆွဲလျက်ရှိသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ကူးတို့သင်္ဘောစီးဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ သင်္ဘောများကို နံနက် ၅ နာရီမှ ည ၉နာရီအထိ မိနစ် ၂၀ လျှင် တစ်ခေါက်နှုန်းဖြင့် သွား/ပြန် ပြေးဆွဲလျက်ရှိပါသည်။ သင်္ဘောစီးခရီးသည်များမှာ ကျောင်းသား ကျောင်းသူများ၊ ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ စက်ရုံအလုပ်သမားများ၊ဈေးရောင်း ဈေးဝယ်သွားကြမည့်သူများ စသည်ဖြင့် လူတန်းစားပေါင်းစုံပါဝင်ပါသည်။ တစ်ခါတစ်ရံ ကမ္ဘာလှည့်ခရီးသည်များပါ လာရောက်စီးနင်းကြပါသည်။

အများစုမှာ မိမိတာဝန်ထမ်းဆောင်သည့် နေရာသို့ အချိန်မီရောက်ရန် လိုအပ်သူများဖြစ်ကြပါသည်။ ယခုရက်ပိုင်းအတွင်း သင်္ဘောများ အချိန်မှန်မှန် မထွက်မှုကြောင့် အလုပ်နောက်ကျခဲ့ရပါသည်။ ၈-၅-၂၀၁၂ နေ့ နံနက် ၉နာရီ မိနစ် ၄၀တွင် ဒလဆိပ်ကမ်းမှ ပန်းဆိုးတန်းဆိပ်ကမ်းသို့ ပြန်ထွက်ရမည့် သင်္ဘောတစ်စင်းသည် ၉နာရီ မိနစ် ၅၀ မှ ဒလသို့ ဆိုက်ကပ်ခဲ့ပါသည်။ ယင်းသို့ဆိုက်ကပ်ချိန်နောက်ကျသည့်အတွက် ပြန်ထွက်ချိန်မှာလည်း နောက်ကျခဲ့ပါသည်။ ထိုသင်္ဘောနောက်ကျခြင်းကြောင့် ၎င်းသင်္ဘောနောက်မှ အစီအစဉ်အတိုင်းထွက်ရမည့် သင်္ဘောများပါ ဆင့်ကဲဆင့်ကဲ နောက်ကျခဲ့ရပါသည်။

တချို့ဝန်ထမ်းများမှာ အချိန်နောက်ကျလျှင် နောက်ကျကြေးပေးဆောင်ရသည့်အတွက် သင်္ဘောကိုမစောင့်နိုင်ဘဲ သမ္ဗန်ကိုသာ စီးကြရပါသည်။ ကူးတို့သင်္ဘောများအနေဖြင့် ရာသီဥတုမကောင်းသည့် အချိန်များတွင် ဥပမာ မိုးရာသီတွင် မိုးသည်း၊ လေထန်၊ လှိုင်းကြီးနေလျှင်နှင့် ဆောင်းရာသီကာလ နှင်းများပိတ်နေသည့် အခြေအနေမျိုးတွင်မူ အများပြည်သူ အသက်အန္တရာယ် လုံခြုံကင်းရှင်းစေရေးအလို့ငှာ ရေယာဉ်မထွက်ဘဲ ရာသီဥတုသာယာမှ ပြန်လည်ပြေးဆွဲပေးသည်မှာ မှန်ကန်ပါသော်လည်း ယခုလိုမိုးလေကင်းရှင်းသည့် လများတွင် သင်္ဘောစီးခရီးသည်များ အဆင်ပြေချောမွေ့စေရန်အတွက် အချိန်မှန်မှန်ပြေးဆွဲပေးစေချင်ပါကြောင်း အများအကျိုး ရှေးရှုကာ အပြုသဘောဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

(ထက်ထက်-သတင်းစဉ်)

ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ဘုရားများပြုပြင်မွမ်းမံရန် အလှူရှင်များ ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ဘုရားများဖြစ်သည့် ဘုရားအမှတ် (၈၅၅၊ ၁၄၆၂၊ ၁၉၈၃၊ ၁၂၉၀၊ ၁၁၀၊ ၁၆၈၆၊ ၁၂၈၈၊ ၁၄၃၃၊ ၁၆၀၂၊ ၉၉၅၊ ၁၄၉၃၊ ၁၄၉၈၊ ၁၂၁၉၊ ၁၃၉၁) တို့တွင် အလှူရှင်များ လှူဒါန်းပြီးခဲ့သည့် အစိတ်အပိုင်းများမဟုတ်သော အခြားအစိတ်အပိုင်းများမှာ ရာသီဥတုကြောင့် လတ်တလောပြုပြင်မွမ်းမံရန် လိုအပ်နေပြီး အချိန်မီပြုပြင်နိုင်ခြင်းမရှိပါက စေတီ၊ ဘုရားများအား ထိခိုက်ပျက်စီးစေနိုင်ပါသည်။

အဆိုပါ စေတီ၊ ဘုရားများအား မူလအလှူရှင်များက ဆက်လက်ပြုပြင်ထိန်းသိမ်းလိုပါက မေ ၃၁ ရက်နောက်ဆုံးထား၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက ဦးစီးဌာနအစီအစဉ်ဖြင့် အခြားလှူဒါန်းလိုသူများကို နှိုးဆော်ဆက်သွယ်၍ ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး ထပ်မံလှူဒါန်းသည့် အလှူရှင်၏ ကမ္ပည်းကျောက်စာကို မူလကမ္ပည်းကျောက်စာနှင့် ယှဉ်တွဲစိုက်ထူပေးသွားမည် ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ဖုန်း-၀၆၇-၄၀၈၀၂၇၊ ၀၆၇-၄၀၈၀၄၀၊ ၀၁-၅၁၅၀၅၄၊ ၀၁-၅၁၅၀၇၄၊ ၀၆၁-၆၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန)

သီရိမင်္ဂလာဈေးတွင် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ အရောင်းသွက်

ရန်ကုန် မေ ၂၁

ဂေါ်ဖီ၊ ပန်းဂေါ်ဖီ

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးတွင် ဂေါ်ဖီထုပ်နှင့် ပန်းဂေါ်ဖီများ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ရှမ်းပြည်နယ် အောင်ပန်းဒေသမှ အဓိကဝင်ရောက်ပြီး အုတ်ဖို၊ မင်းလှနှင့် တပ်ကုန်းမြို့နယ်များမှ ကားတစ်တန်၊ ရထားတစ်တန်ဖြင့် ဝင်ရောက်ကြောင်း သိရသည်။ ဂေါ်ဖီ(ရှမ်း)တစ်ထုပ်လျှင် ငွေကျပ် ၂၀၀ မှ ၃၅၀ ရှိပြီး ပန်းဂေါ်ဖီ (ရှမ်း) တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ မှ ၇၀၀ ရှိကြောင်း သိရသည်။

ခရမ်းချဉ်သီး

ရှမ်းပြည်နယ် အင်းလေးဒေသမှ ဝင်ရောက်သည့် ခရမ်းချဉ်သီး(အင်းသီး)နှင့် မုံရွာနယ်မှ ဝင်ရောက်သည့် ကိုင်းသီးနှင့် ထိုင်ဝမ်သီးတို့မှာ အဓိက အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ခရမ်းချဉ်သီး (အင်းသီး) ၁ သေတ္တာ (၁၆ ပိဿာ)လျှင် ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိရှိကြောင်း သိရသည်။

နာနတ်သီး၊ ပန်းသီး

တရုတ်ဘက်မှ တင်သွင်းသည့် ပျားလိမ္မော်၊ ပန်းသီးနှင့် ပန်းသစ်တော်သီးများ အဓိက အရောင်းအဝယ် ဖြစ်သကဲ့သို့ ရှမ်းပြည်နယ် သီပေါနှင့် အောင်ပန်းနယ်များမှ ဝင်ရောက်သည့် လိမ္မော်သီး၊ နာနတ်သီး၊ ထောပတ်သီးနှင့် ပင်းတယနယ်မှ ဝင်ရောက်သည့် ထောပတ်သီးများမှာလည်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ နာနတ်သီး (ရှမ်း) တစ်လုံးလျှင် ငွေကျပ် ၆၀၀ မှ ၁၃၀၀ နှင့် ပန်းသီး (တရုတ်) ဖူဂျီ ၁ ဖာ(ပုံးသေး)လျှင် ငွေကျပ် ၇၀၀၀ မှ ၇၅၀၀ အထိရှိကြောင်း သိရသည်။**(ယာပုံ)**

(ခင်ယုဆွေ)

လျှပ်စစ် သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

တောင်ငူခရိုင်ရဲတပ်ဖွဲ့ လောင်းကစားမှုများဖော်ထုတ်

တောင်ငူ မေ ၂၁

တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းစိန်၏ ညွှန်ကြားချက်အရ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ချင်းစိန်ဦးစီးအဖွဲ့သည် မေ ၁၆ ရက်က တောင်ငူမြို့ (၁၃) ရပ်ကွက် ကျန်းမာရေး (၂) လမ်းနေ ဒေါ်လှဝင်း(ခ) ဒေါ်လှလှဝင်း၏ နေအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ချဲထီ၊ နှစ်လုံးထီ စာရွက်စာတမ်းများ၊ ပစ္စည်းများနှင့်အတူ လောင်းကြေးငွေကျပ် ၂၁၉၁၆၅၀၊ ချဲထီ၊ နှစ်လုံးထီရောင်းချရာတွင် အသုံးပြုသော တယ်လီဖုန်းတစ်လုံး၊ Fax ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိသဖြင့် ဒေါ်လှဝင်း(ခ) ဒေါ်လှလှဝင်းနှင့် ပြည့်ဖြိုးအောင်တို့အား တောင်ငူမြို့ အမှတ် (၂) ရဲစခန်း (ပ) ၂၂၀/၂၀၁၂ လောင်းကစားပုဒ်မ ၁၅(က)/၁၆(က) အရ အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အလားတူ ထိုနေ့တွင် တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒ/န ဒုတိယရဲအုပ် အောင်မိုးကျော်နှင့် အဖွဲ့သည် အုတ်တွင်းမြို့နယ် ကြွယ်ဂံရွာနေ ဆန်းထွန်းပါ ၁၇ဦးသည် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ စောင့်ဆိုင်းဖမ်းဆီးရာ နှစ်လုံး၊ ချဲထီပစ္စည်းများနှင့် လောင်းကြေးငွေ ၇၆၃၀၀၀ သိမ်းဆည်းရမိပြီး တောင်ငူအမှတ်(၂) ရဲစခန်းမှူး ရဲအုပ်မင်းအောင်ဦးစီးအဖွဲ့သည် သတင်းအရ တောင်ငူမြို့ (၂) ရပ်ကွက်နေ ကျော်မင်းနေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ကျော်မင်း၏ သမီး မစိုးစန္ဒာကျော်အား နှစ်လုံးထီစာရွက်စာတမ်းပစ္စည်းများနှင့် လောင်းကြေးငွေ ကျပ် ၁၈၂၁၀၀ကို သိမ်းဆည်းရမိခဲ့သည်။ ထို့အတူ ရေတာရှည်မြို့နယ် ဆွာရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်သန်းနိုင်နှင့် အဖွဲ့သည် သက်သေများနှင့်အတူ သတင်းအရ စောင့်ဆိုင်းစဉ် လှည်းပွဲကြီးရွာနေ ဇော်မင်းနှင့် လှည်းပွဲလေးရွာနေ မြစန်းဦးတို့အား ရှာဖွေရာ ချဲထီလောင်းကစားပစ္စည်းများနှင့် လောင်းကြေးငွေ ကျပ် ၂၈၃၇၀၀ သိမ်းဆည်းရမိသဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး တောင်ငူခရိုင်အတွင်း ထိုနေ့တစ်နေ့တည်းတွင် လောင်းကစားမှု ၁၁ မှု၊ တရားခံ ၃၄ ဦး၊ လောင်းကြေးငွေ ၃၉၃၇၂၁၀တို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် လောင်းကစားပပျောက်ရေးအတွက် စီမံချက်ရေးဆွဲပြီး တိုင်းဒေသကြီး/ပြည်နယ်တပ်ဖွဲ့များမှ ကြပ်မတ်ဆောင်ရွက်၍ လောင်းကစားပပျောက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တောင်ငူခရိုင်အတွင်း ဇန်နဝါရီလမှ ယနေ့အထိ စုစုပေါင်း လောင်းကစားမှု ၁၀၇မှု၊ တရားခံ ၂၂၀၊ လောင်းကြေးငွေကျပ် ၁၁၆၆၂၇၈၂ ဖမ်းဆီး အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၁၂၉)

ပဲကစားနေသူများအား အရေးယူ ဖမ်းဆီး

မန္တလေး မေ ၂၁

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၆) ရဲစခန်းမှ နယ်ထိန်းဒုတိယရဲအုပ် ဖြိုးမင်းသောင်း၊ တပ်ကြပ်ကြီး မြင့်စိုးနှင့် တပ်ဖွဲ့ဝင်များသည် လောင်းကစားနေကြောင်း သတင်းအရ ဧပြီ ၂၈ ရက် ညနေက ပြည်ကြီးပျော်ဘွယ်အရှေ့ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ အကွက်မှူးသက်သေများနှင့်အတူ သီရိဟေမာ အနောက်ရပ်ကွက်၊ အကွက် (၂၃၁) ရှိ ဦးထွန်းထွန်းမိုး၏ နေအိမ်အား သွားရောက်စစ်ဆေးရာ နေအိမ်တွင် အိမ်ရှင် ဦးထွန်းထွန်းမိုးနှင့်အတူ ဒေါ်စန္ဒာလွင်၊ ဦးအောင်အောင်၊ ဒေါ်စန်းစန်းမြင့်တို့ လေးဦး ဖဲချပ်များနှင့်အတူ လောင်းကြေးငွေကျပ် ၈၃၆၅၀ဖြင့် လောင်းကစားနေကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးပြီး အမှတ် (၆) ရဲစခန်းက (ပ)၂၁၁/၂၀၁၂ လောင်းကစားပုဒ်မ ၁၂က/၁၄က တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၆၅၃)

ဒလမြို့တွင် ဆိုင်ကယ်နှစ်စီးတိုက်မှု ဖြစ်ပွား

ရန်ကုန် မေ ၂၁

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့တွင် မေ ၁၄ ရက် နံနက် ၈ နာရီခွဲက ဆိုင်ကယ်နှစ်စီး ဘေးချင်းယှဉ်တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၄ ရက် နံနက် ၈ နာရီခွဲက ဒလ-တွံတေးကားလမ်းမှ စက်မြေရပ်ကွက်အတွင်းသို့ ဆရာစံလမ်းအတိုင်း သန့်ဇင် အသက် (၂၂)နှစ် မောင်းနှင်လာသည့် ၂၀ယ/----FEIL WG 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်နှင့် ကမာကဆစ်ရပ်ကွက်မှ ဗိုလ်ရာညွှန့်လမ်းအတိုင်း ထွန်းနောင် အသက် (၂၀)နှစ် မောင်းနှင်လာသည့် ၂၀ယ/.... KENBO 125 အနက်ရောင်ဆိုင်ကယ်တို့ ဆရာစံလမ်းနှင့် ဗိုလ်တိုက်ချွန်းလမ်းတွင် ဘေးချင်းယှဉ်တိုက်မိပြီး ဆိုင်ကယ်နှစ်စီး လမ်းဘေးရှိ တိုရှည်ဆိုင်အတွင်း လဲကျခဲ့သည်။

ဆိုင်ကယ်မောင်းသူ သန့်ဇင်တွင် ဘယ်ခြေသလုံး၊ ဘယ်ခြေမျက်စိအောက် ပွန်းပဲ့ဒဏ်ရာရရှိပြီး ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ ကိုကျော်ကျော်တွင် ဘယ်တံတောင် ပွန်းပဲ့ဒဏ်ရာနှင့် ထွန်းနောင် မောင်းနှင်သည့် ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ ကိုတင်စိုးတွင် နှာခေါင်းသွေးထွက်ဒဏ်ရာများ ရရှိခဲ့ကြသည်။

အမှုကို ဒုတိယရဲအုပ်မြင့်ဦးက စစ်ဆေး၍ (ပ)၂၇၉/၂၀၁၂ ပြစ်မှုပုဒ်မ-၃၃၇ အရ ဆိုင်ကယ်မောင်းသူ သန့်ဇင် အသက် (၂၂)နှစ်နှင့် ထွန်းနောင် အသက် (၂၀)နှစ်တို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

(၆၁၁)

နေအိမ်လိုင်းခန်းအတွင်းမှ ငွေကျပ် သိန်း ၂၀ ကျော် ပျောက်ဆုံး

ရေတာရှည် မေ ၂၁

မေ ၁၁ ရက် နံနက် ၁၁ နာရီခန့်က ရေတာရှည်မြို့နယ် ရေနီစက္ကူစက်ရုံ အရာရှိလိုင်းခန်းနေ ဦးနေမင်းအောင်သည် ရုံးမှလိုင်းခန်းသို့ နေ့လယ်စာစားရန် ပြန်လာစဉ် ၎င်းနေထိုင်သည့် လိုင်းခန်းနောက်ဖေး မီးဖိုချောင် တံခါးမကြီး ပွင့်နေသည်ကို တွေ့ရ၍ အတူနေထိုင်သည့် ဦးမော်ဟိန်း၊ ဦးကြည်နိုင်ထွန်းတို့နှင့်အတူ ကြည့်ရှုရာတွင် ဦးမော်ဟိန်းအိပ်ခန်းအတွင်းရှိ ခုတင်ပေါ်၌ထားသော နံပါတ်ဖြင့်ဖွင့်ရသည့် အနက်ရောင်ခရီးဆောင်အိတ်မှာ ဓားဖြင့်ပတ်လည်ခွဲထားသည်ကို တွေ့ရပြီး အတွင်း၌ထည့်ထားသော ကျပ် ၅၀၀၀တန် ငွေစက္ကူ အရွက် ၁၀၀ (ကျပ် ငါးသိန်း)၊ ကျပ် ၁၀၀၀တန် ငွေစက္ကူအသေး အရွက်ရေ ၃၀၀(ကျပ် သုံးသိန်း)၊ အနက်ရောင် ပိုက်ဆံအိတ်အတွင်း ထည့်ထားသည့် ၅၀၀၀ ကျပ်တန် ငွေစက္ကူအရွက်ရေ ၈၀ (ကျပ် လေးသိန်း)၊ အနီရောင် ကော်ဘူးဖြင့်ထည့်ထားသော ကျောက်နီဖြင့်ပြုလုပ်ထားသည့် တစ်မတ်သားရွှေလက်စွပ်တစ်ကွင်း တန်ဖိုးငွေကျပ် တစ်သိန်းခွဲ၊ အစိမ်းရောင်ကျောက်ဖြင့် ပြုလုပ်ထားသည့် တစ်မတ်သား အလေးချိန်ရှိ ရွှေလက်စွပ်တစ်ကွင်း တန်ဖိုးကျပ် တစ်သိန်းခွဲ၊ သိန်းငှက်ပုံပါ အလေးချိန်တစ်မတ်သားခန့်ရှိ ရွှေလက်စွပ်တစ်ကွင်း တန်ဖိုးငွေကျပ် တစ်သိန်းခွဲ၊ ဦးနေမင်းအောင်နှင့် ဦးကြည်နိုင်ထွန်းတို့၏ အိပ်ခန်းခေါင်းရင်းရှိ စားပွဲပေါ်တင်ထားသော APPLE ကုမ္ပဏီထုပ် IPhone GSM ဖုန်းတစ်လုံး တန်ဖိုးကျပ် နှစ်သိန်းခန့် စုစုပေါင်း ငွေကျပ် ၂၁ သိန်း ငါးသောင်းခန့် ပျောက်ဆုံးသွား၍ ရေနီရဲစခန်းမှ (ပ)၂၄/၂၀၁၂ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားပြီး တရားခံဖော်ထုတ်ဖမ်းဆီးနိုင်ရန် ရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မိုးခိုနေသူနှစ်ဦး မိုးကြိုးပစ်၍ သေဆုံး

ပန်းတနော် မေ ၂၁

မေ ၁၅ ရက် ညနေ ၅ နာရီခန့်က ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ရေလဲနဲ့ကောကျေးရွာအုပ်စု ရေလဲနဲ့ကောကျေးရွာ ပျဉ်းမတောရေထိန်းတံခါးမြောင်းရှိ သာသနာ့ဟိတဥပုသ်ဇရပ် ဓမ္မာရုံအောက်၌ ဆပ်သေကျေးရွာအုပ်စု ကျောင်းဆိပ်ကျေးရွာနေ မောင်မျိုးဦး အသက်(၂၅) နှစ်(ဘ) ဦးမောင်ဝင်းနှင့် ညောင်တုန်းမြို့နယ် စက္ကော့ကျေးရွာနေ မောင်မင်းစိုး အသက် (၂၅) နှစ်တို့ နှစ်ဦးသည် မိုးထစ်ချုန်းရွာသွန်း၍ မိုးခိုနေစဉ် ဓမ္မာရုံအောက်ခြေရှိ တိုင်တစ်လုံးအား မိုးကြိုးပစ်သဖြင့် နေရာတွင်ပင် သေဆုံးခဲ့သည်။ သေဆုံးသူများအား ပန်းတနော်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သေဆုံးမှုဖြစ်စဉ်အား မင်းဂရုရဲစခန်းမှ သေမှုသေခင်း အမှတ်စဉ်(၁/၂၀၁၂)ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ယခုကဲ့သို့ မိုးဦးလေဦးကျစ အချိန်တွင် နေရာအနှံ့ မိုးကြိုးများမကြာခဏ ပစ်ချလေ့ရှိသောကြောင့် ကွင်းထဲတွင် အလုပ်လုပ်ကြသူများ သတိပြုသွားလာကြရန် လိုအပ်ပေသည်။

(၁၆၆)

ကျုံပျော်မြို့နယ်အတွင်း KV လိုင်းဓာတ်ကြိုး ပြုတ်ကျမှုကြောင့် နွားထီးသုံးကောင် သေဆုံး

ကျုံပျော် မေ ၂၁

မေ ၁၈ ရက် နံနက် ၉ နာရီခွဲခန့်တွင် ကျုံပျော်မြို့နယ် ကွင်းကြီးကျေးရွာ မိုင်တိုင် (၆၉/၃)ရှိ ဦးဝင်းထွန်း၏ လယ်ကွင်း၌ ဓာတ်တိုင်အမှတ် (၂၇၈) ကျုံပျော်-ဟင်္သာတ သွယ်တန်းထားသော 11 KVလိုင်းမှ ဓာတ်ကြိုးတစ်ချောင်းပြုတ်ကျနေသဖြင့် ဓာတ်တိုင်အောက်ရှိ ဦးဝင်းထွန်း၏ နွားထီးနှစ်ကောင်နှင့် ဒေါ်ကျင်ထွေး၏ နွားထီးတစ်ကောင် သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ ကျုံပျော်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးထွန်းလွင်နှင့်အဖွဲ့က အချိန်မီပြုပြင်ဆောင်ရွက်ပေးပြီး ဓာတ်အားလိုင်းကြိုး ပြုတ်ကျရခြင်း၏ အခြေခံအကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၅၅၂)

ယနေ့ ကြေးမုံပတ်စရာ

ယနေ့ ကြံတစ်တန်၏ ကြမ်းခင်းဈေးနှုန်းမှာ ငွေကျပ် သုံးသောင်းဖြစ်၍ အမှန်တကယ် တန် ၅၀ ထွက်ရှိပါက တစ်ကောဝင်ငွေ ကျပ် ၁၅ သိန်း ရရှိသဖြင့် တွက်ခြေကိုက်သော သီးနှံဖြစ်...

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သတင်းစာမျက်နှာ (၃)

လက်ဖက်ရည်တစ်ခွက် ကျပ် ၃၀၀ မျှသည် နည်းပါးသော ငွေကြေးဖြစ်သော်လည်း အပေါင်းအသင်းမပါ တစ်ရက်လျှင် ကျပ် ၃၀၀၊ တစ်လလျှင် ကျပ် ၉၀၀၀ ဖြစ်၏။ အပေါင်းအသင်းပါလျှင် ကျပ်သောင်းချီ၏။ ထိုငွေကို ခြိုးခြံချွေတာ လိုက်ပါလျှင်...

ကြေးမုံစာတည်းရှုထောင့် စာမျက်နှာ (၂)

ယခင်ကလည်း ငြိမ်းချမ်းရေးရွာများ တည်ထောင်ပေးခဲ့ပြီးဖြစ်။ ကရင်ပြည်နယ်တွင် မြိုင်ကြီးငူ၊ ဘုရားကုန်းကျေးရွာ၊ ထို့ကော်ကိုးကျေးရွာ၊ ရွှေဒါးကျေးရွာများသည် ထင်ရှားသော ငြိမ်းချမ်းရေးကျေးရွာကြီးများဖြစ်။

အစဉ်လက်ကမ်းကြိုဆိုလျက်ပါ စာမျက်နှာ (၆)

မြစ်ကမ်းဘေးတွေမှာ သူ့ဘာသာသူ အလေ့ကျပေါက်ပြီး အုပ်စုလိုက် ရှင်သန်ကြီးထွားနေတဲ့ မအူပင်တွေလိုပဲ ရေနဲပင်တွေကလည်း သူ့ဘာသာသူ ရှင်သန်နိုင်တဲ့ အပင်အမျိုးအစားဖြစ်။

စိုက်ကြဦးမလား ရေနဲပင် စာမျက်နှာ (၈)

နေပြည်တော်အတွက် ပထမဂိုးကို လီအန်ဒရိုက ဤသို့ ခေါင်းတိုက်သွင်းယူခဲ့စဉ်။

နေပြည်တော် ဂိုးပြတ်နိုင်ပြီး ရောဝတီကို ငွဲကပင် သရေကစား

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် မေ ၂၁

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်(၁၅) နောက်ဆုံးပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့၌ ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)

နေပြည်တော်- နှစ်ဂိုး

(လီအန်ဒရို)

Southern-ဂိုးမရှိ

ပထမအကျော့က အိမ်ကွင်းတွင် Southern အသင်းကို ရှုံးနိမ့်ခဲ့သည့် ရှုံးကြွေးကို နေပြည်တော်တို့ ပြန်ဆပ်နိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့် (၅)အထိ တက်လှမ်းလာနိုင်ခဲ့သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❍

ပေါင် ၁၅ သန်းတန် စာချုပ်ကမ်းလှမ်းခြင်းဖြင့် မန်စီနီအား မန်စီးတီးအသင်းက ဆုချီးမြှင့်

မန်ချက်စတာ မေ ၂၁

ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းသည် ပေါင် ၁၅ သန်းတန် စာချုပ်တစ်ရပ်ကမ်းလှမ်းကာ မန်စီးတီးအသင်းနည်းပြ မန်စီနီအား ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း မေ ၂၁ ရက် အားကစားသတင်းတစ်ရပ်က သတင်းဖော်ပြသည်။

ပရီမီယာလိဂ်ဖလားကို ရယူပေးခဲ့သည့် နည်းပြ မန်စီနီအား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုမည်ဟု မန်စီးတီးအသင်းတာဝန်ရှိသူများက လွန်ခဲ့သည့် ခြောက်လက ပြောခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းဥက္ကဋ္ဌ ခယ်လ်ဒွန်းအယ်လ် မူဘာရက်နှင့် မန်စီနီတို့သည် မေ ၁၈ ရက်က အဘူဒါဘီ၌ ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် အီတလီနိုင်ငံသား မန်စီနီအား တစ်နှစ်လုပ်ခလစာပေါင် ငါးသန်းဖြင့် သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုရန် တောင်းဆိုခဲ့သည်ဟု ဆိုသည်။ မန်စီနီသည် လွန်ခဲ့သည့် နှစ်နှစ်ခွဲကာလက မန်စီးတီးအသင်းသို့ ရောက်ရှိခဲ့ပြီး တစ်နှစ်လုပ်ခလစာပေါင် ၃ ဒသမ ၅ သန်းသာ ရရှိခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ●

၂၀၁၂ ခုနှစ် ဘီလ်ဘုတ်ဒ်ဂီတဆုပေးပွဲ ဗြိတိသျှအဆိုတော်အဒီးလ် ဆု ၁၂ ခုဆွတ်ခူး

၂၀၁၂ ခုနှစ် Billboard ဂီတဆုပေးပွဲကို အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်စ်မြို့၌ မေ ၂၀ ရက်က ကျင်းပခဲ့ရာ နာမည်ကျော်ဗြိတိသျှအဆိုတော် ဂရမ်မီခြောက်ဆုရှင် အဒီးလ်**(အပေါ်ပုံ)**က Billboard ဂီတဆုအမျိုးအစား ၁၂ ခု ဆွတ်ခူးရရှိသွားသည်။

ပြီးခဲ့သည့် ဂရမ်မီဆုပေးပွဲတွင် ဂရမ်မီဆုခြောက်ခု သိမ်းကျုံးဆွတ်ခူးခဲ့သော အဒီးလ်သည် Billboard ဂီတဆုပေးပွဲတွင်လည်း အကောင်းဆုံးအဆိုတော်ဆု၊ အကောင်းဆုံး အမျိုးသမီး အဆိုတော်ဆု၊ အကောင်းဆုံး ပေါ့ပ်အဆိုတော်ဆုများအပါအဝင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱

တစ်နှစ်တာ အကောင်းဆုံး အမျိုးသမီး အဆိုတော်ဆုရ ကျေးလက် သီချင်း အဆိုတော် တေလာဆွတ်ဖ်။

အာတိတ်ဒေသမှ မီသိန်းဓာတ်ငွေ့များ လေထုအတွင်း ထုတ်လွှတ်လျက်ရှိ

အာတိတ်ဒေသတွင် ရေခဲခေတ်ထောင်စုနှစ်များစွာကတည်းက ခိုအောင်းနေခဲ့သော မီသိန်းဓာတ်ငွေ့သိုက် ထောင်ပေါင်းများစွာတို့မှ မီသိန်းဓာတ်ငွေ့များမှာ ယခုအခါ ပလုံစီပွက်ထကာ လေထုအတွင်းသို့ ထုတ်လွှတ်လျက်ရှိကြောင်း သိပ္ပံပညာရှင်များက အတည်ပြုလိုက်ကြပြီဖြစ်သည်။

မီသိန်းဓာတ်ငွေ့များမှာ ရေခဲများအတွင်း ပိတ်မိနေခဲ့ခြင်းဖြစ်သော်လည်း ရေခဲများ အရည်ပျော်ရာမှ လွင့်ပျံထွက်လာရခြင်းဖြစ်သည်။

အဆိုပါရှေးဟောင်းဓာတ်ငွေ့များကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် သိသိသာသာ သက်ရောက်မှုရှိသည်ဟု သုတေသီများက ပြောကြားကြောင်း သဘာဝဘူမိသိပ္ပံဂျာနယ်က ရေးသားဖော်ပြခဲ့သည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်ပြီးလျှင် မီသိန်းဓာတ်ငွေ့သည် ဖန်လုံအိမ်အာနိသင်အကျိုးသက်ရောက်မှုအတွက် ဒုတိယအရေးပါဆုံးဓာတ်ငွေ့ဖြစ်သည်။ အဆိုပါဓာတ်ငွေ့များမှာ နှစ်အနည်းငယ်မျှ တည်ငြိမ်နေခဲ့ပြီးနောက် ယခုအခါ လေထုအတွင်း ထုတ်လွှတ်မှုနှုန်း

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑

သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်း **ဇင်ထူး**

Big Bang ၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲတွင် ထိုင်းနှင့် စင်ကာပူတို့ပါဝင်

တောင်ကိုရီးယားနိုင်ငံ၏ နာမည်ကျော်အမျိုးသားတေးဂီတအဖွဲ့ Big Bang က ၎င်းတို့၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲခရီးစဉ်တွင် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ ပါဝင်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

Big Bang တေးဂီတအဖွဲ့၏ တရားဝင် ဖေ့စ်ဘွတ်စ်ဝက်ဘ်ဆိုက်စာမျက်နှာတွင် ၎င်းတို့အဖွဲ့၏ ၂၀၁၂ ခုနှစ်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ပြည်သူလူထုသို့ မေတ္တာရပ်ခံ ပန်ကြားခြင်း

မြန်မာနိုင်ငံအတွင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၈ ရုံ၊ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ တစ်ရုံနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ ၁၀ ရုံ စုစုပေါင်း ၂၉ရုံရှိပြီး ၎င်းစက်ရုံများမှ ထွက်ရှိလာသော ဓာတ်အားများကို နိုင်ငံတွင်းရှိ ဒေသအသီးသီးသို့ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများအနေဖြင့် မိုးရာသီကာလတွင် ရေအားပြည့်ပြည့်ဝဝရရှိသဖြင့် ဓာတ်အားပမာဏ အများဆုံး ၁၂၇၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ပြီး နွေရာသီကာလတွင်မူ ဆည်ရေများ လျော့ကျလာမှုကြောင့် ဓာတ်အားပမာဏ အများဆုံး ၁၀၀၀ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်ပေးနိုင်ပါသည်။

သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှာ ဓာတ်ငွေ့နှင့် လည်ပတ်ရသဖြင့် တစ်နှစ်ပတ်လုံး ပျမ်းမျှဓာတ်အားပမာဏ ၃၄၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးနိုင်ပါသည်။ သို့ဖြစ်၍ ရေအား၊ ကျောက်မီးသွေးနှင့် ဓာတ်ငွေ့စက်ရုံများ ပေါင်း၍ ဓာတ်အားထုတ်လုပ်နိုင်မှုပမာဏမှာ မိုးရာသီတွင် အများဆုံး ၁၆၁၀ မဂ္ဂါဝပ်ခန့်ဖြစ်ပြီး နွေရာသီတွင် အများဆုံး ၁၃၄၀ မဂ္ဂါဝပ်ခန့်သာဖြစ်ပါသည်။

နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအနေဖြင့် မိုးရာသီကာလတွင် အများဆုံး ၁၅၆၀ မဂ္ဂါဝပ်သာ အသုံးပြုသဖြင့် ထုတ်လုပ်ပေးမှုသည် သုံးစွဲမှုထက် ပိုမိုနေခြင်းကြောင့် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ▲